# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများ အပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင်

*စာမျက်နှာ ၃ ကော်လံ ၁ ➡*




# ကာလဝမ်းရောဂါကာကွယ်ရေးအတွက် သန့်ရှင်းရေး အထူးဂရုပြုဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူသူများအနက် အချို့မှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေခြင်းဖြစ်သည်ဟု သိရသည်။ ဤရောဂါသည် မသန့်ရှင်းသော အစားအစာ၊ မသန့်ရှင်းသောရေတို့ကို စားသောက်မိရာမှ ရောဂါပိုးများ လူ့ခန္ဓာကိုယ်တွင်း ရောက်ရှိသွားပြီး ရောဂါကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ) သည် Vibrio Cholerae ခေါ် ကာလဝမ်းရောဂါပိုးကြောင့်ဖြစ်ပြီး ရောဂါဖြစ်သူစွန့်လိုက်သည့်မစင်တွင် ၎င်းရောဂါပိုးများပါဝင်နေသည်။ မစင်၌ပါဝင်နေသည့် ရောဂါပိုးများသည် သန့်ရှင်းမှုအားနည်းချက်များကြောင့် မိမိတို့၏ လက်၊ ပါးစပ်တို့မှတစ်ဆင့် ဝမ်းထဲသို့ ရောက်ရှိသွားကာ ရောဂါဝေဒနာကူးစက်ခံစားရခြင်းဖြစ်သည်။ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်း၊ ယင်နားထားသည့် အစားအစာများ၊ မသန့်ရှင်းသည့် အစားအစာများကို စားသုံးမိခြင်း၊ အညစ်အကြေးများကိုင်တွယ်ခြင်း၊ အိမ်သာတက်ခြင်းတို့ ပြုလုပ်ပြီးနောက် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောမှုမပြုခြင်း၊ အစာမစားမီ လက်ကိုစင်ကြယ်စွာမဆေးခြင်း၊ ယင်လုံအိမ်သာသုံးစွဲမှု အားနည်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းတို့သည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားလာစေရန် ဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ) သည် ရောဂါပြင်းထန်ပြီး အချိန်မီဆေးကုသမှုခံယူခြင်းမရှိပါက အသက်ဆုံးရှုံးနိုင်သည့် ရောဂါဖြစ်ရာ ဤရောဂါဟု သံသယရှိပါက ဆောလျင်စွာ ကုသနိုင်ရန် လိုအပ်သည်။ ဝမ်းလျှောရောဂါပြင်းထန်ပါက အရည်ဝမ်းသွားခြင်း၊ အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းပြီး အားအင်လည်း ဆုတ်ယုတ်ကာ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပွားပြီး အချိန်တိုအတွင်း အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ သို့ဖြစ်ရာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများတွေ့ရှိပါက အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး သွားရောက်ကုသကြရန်နှင့် နီးရာဆေးဆိုင်များမှ ဆေးများဝယ်သောက်ပြီး အချိန်မဖြုန်းမိစေရန် တိုက်တွန်းလိုသည်။

ကာလဝမ်းရောဂါသည် မသန့်ရှင်းခြင်းကြောင့်ဖြစ်ရာ လူတစ်ဦးချင်းစီ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဂရုတစိုက်ဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်မှုမဖြစ်စေရန် ကာကွယ်တားဆီးနိုင်သည်။ ရေကို ကျိုချက်၍လည်းကောင်း၊ ကလိုရင်းခတ်၍လည်းကောင်း သောက်သုံးခြင်း၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပြီး ပူပူနွေးနွေးချက်ပြုတ်စားသောက်ခြင်း၊ မလတ်ဆတ်သော အစားအစာများ၊ အမှည့်လွန်အသီးများကို ရှောင်ကြဉ်ခြင်း၊ အစားအစာများကို ကိုင်တွယ်ခြင်း၊ စားသုံးရန် ပြင်ဆင်ခြင်း၊ စားသုံးခြင်းတို့မပြုမီ လက်ကိုစင်ကြယ်အောင်ဆေးကြောခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်အသုံးပြုခြင်း၊ ဝမ်းပျက်ဝမ်းလျှောလူနာများ၏ အဝတ်အစားများကို အများသုံးရေကန်များ၊ မြစ်ချောင်းများနှင့်ဝေးရာတွင် လျှော်ဖွပ်ခြင်း၊ မစင်များကို ယင်မနားစေရန် စနစ်တကျစွန့်ပစ်ခြင်း စသည့်နည်းလမ်းများဖြင့် ကာလဝမ်းရောဂါမဖြစ်စေရန် ကာကွယ်နိုင်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် လျင်မြန်စွာ ကူးစက်နိုင်သည့် ရောဂါဖြစ်ရာ လူအများ စုပေါင်းနေထိုင်သည့် တန်းလျားများ၊ စုပေါင်းအိမ်ရာများ၊ ဘော်ဒါဆောင်များ၊ စာသင်တိုက်များ၊ ဘာသာရေးကျောင်းများ စသည့်နေရာများတွင် သန့်ရှင်းရေးကို အထူးအလေးဂရုပြုကြရန် လိုသည်။ ရောဂါဖြစ်ပွားပြီဆိုပါက တစ်ဦးမှစ၍ တစ်ရာဆိုသကဲ့သို့ပင် ကူးစက်ပြန့်ပွားသွားနိုင်သည်ဖြစ်ရာ လူတိုင်းလူတိုင်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေး အလေးထား ပူးပေါင်းဆောင်ရွက်ကြရပါမည့် အကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှ လည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ - ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိ လည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၃၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၀၅ | ၂၈၀၀ | ၂၈၀၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၅ | ၂၉၁၅ | ၂၉၂၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၀၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၀၀ | ၂၉၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တောင်ငူတက္ကသိုလ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ရက်သတ္တပတ်ပွဲတော်ကျင်းပ

တောင်ငူ ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ရက်သတ္တပတ်ပွဲတော်ကို ဇူလိုင် ၉ ရက်က တောင်ငူတက္ကသိုလ်စာကြည့်တိုက်၌ ကျင်းပရာ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က ဖွင့်ပွဲအခမ်း



အနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာပေများ၊ စာဖတ်ခန်းနှင့် e-library တို့တွင် ကျောင်းသားကျောင်းသူများ စာအုပ်စာပေဖတ်ရှုလေ့လာနေခြင်းကို လှည့်လည်ကြည့်ရှုပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာသီတာဝင်းက အသိပညာပေးဟောပြောသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ရက်သတ္တပတ်ပွဲတော်များကို အပတ်စဉ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

## ❑ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများ အပြန်အလှန် တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး

*❍ ရှေ့ဖုံးမှ*

ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Daba Debele Hunde နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာသည့် အီသီယိုပီးယားနိုင်ငံသားများကို ရှာဖွေကူညီကယ်ဆယ်၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ အရေးယူခြင်းမရှိဘဲ ပြည်နှင်ဆောင်ရွက်ပေးမှုအခြေအနေ၊ နှစ်နိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် တရားမဝင် ဝင်ရောက်မှု မရှိစေရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ – အီသီယိုပီးယား နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



○ *ကျောဖုံးမှ*

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာ ပြဿနာရပ်များကို ပြည်သူလူထု အသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ကို အစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ကျင်းပသည့် အခမ်းအနားသည် (၃၅) ကြိမ်မြောက် အခမ်းအနားပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာ့လူဦးရေသည် သန်းပေါင်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း၊ ရှေးယခင်က ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာကျော် ကြာမြင့်ခဲ့သော်လည်း ယနေ့ကာလတွင် ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆင့်မြင့်နည်းပညာများနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူဦးရေဆိုင်ရာမွေးဖွားနှုန်း၊ သေဆုံးနှုန်းများ ပြောင်းလဲလာခြင်းကြောင့် လူဦးရေ သန်းတစ်ထောင်တိုးရန် အချိန်သည် တဖြည်းဖြည်း တိုတောင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

### သဘာဝဘေးအန္တရာယ်များ ပိုမိုရင်ဆိုင်ခံစားလာနေကြရ

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာ မပြည့်စုံခြင်းများ၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ၊ ရာသီဥတု ဖောက်ပြန်ခြင်းများ၊ ကူးစက်ကပ်ရောဂါ ပျံ့နှံ့ခြင်းများ၊ ရေဘေး လေဘေး မုန်တိုင်းဘေး စသည့်သဘာဝဘေးအန္တရာယ်များကို လူသားတို့ ယခင်ကထက် ပိုမိုရင်ဆိုင်ခံစားလာနေကြရကြောင်း၊ ထို့ပြင် တန်းတူညီမျှမှု မရှိခြင်းများ၊ ဆင်းရဲနွမ်းပါးမှုများပြားလာခြင်းများ စသည့်လူနေမှုအဆင့်အတန်းများ ကွဲပြားပြီး လူတန်းစား ကွာဟမှုပြဿနာများနှင့်လည်း ရင်ဆိုင်လာကြရကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် အဆိုပါပြဿနာများ ပိုမိုဖြစ်ပွားလာသည်ကို မိမိတို့ မျက်မြင်တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူဦးရေဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်း သိသိသာသာကျဆင်းလာခြင်းကြောင့် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အား ရှားပါးခြင်းများ၊ သက်ကြီးရွယ်အိုများပြားလာခြင်းများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် မွေးဖွားနှုန်းမြင့်မားခြင်း၊ ပညာရေးအခြေအနေ နိမ့်ကျခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများပြားခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း။

### ကြုံတွေ့နေရသည့် အခက်အခဲများ အချိန်မီကုစားရန်လိုအပ်

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုမရှိခြင်းတို့ အပါအဝင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) ကို ချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကိုအခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံအလိုက် ကြုံတွေ့နေရသည့် ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ အချိန်မီကုစားရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့် သတ်မှတ်၍ ထိရောက်စွာအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်ကြောင်း၊ ထို့ကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါအချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်ကြောင်း။

- ❑ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်**
- ❑ **ထိုသို့ ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်**
- ❑ **ထို့ကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါအချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်**

### လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လို

ကုလသမဂ္ဂကလည်း လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကိုးကားဆောင်ရွက်ရန် နိယာမများနှင့် အကြံပြုချက်များ (Principles and Recommendations) များကိုလည်း ထုတ်ပြန်ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အသေးငယ်ဆုံး အုပ်ချုပ်မှုနယ်မြေအဆင့်အထိ နယ်မြေဒေသအလိုက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများကသာ ရရှိနိုင်မည်ဖြစ်သည့်အတွက် လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီ ကောက်ယူတော့မည့် ၂၀၂၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအကြောင်းကို အနည်းငယ် ပြောကြားလိုကြောင်း၊ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်း၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း စသည်များကို ထိထိရောက်ရောက် စီမံခန့်ခွဲရန် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်တို့တွင် ၁၀ နှစ်ခြား တစ်ကြိမ်စီဖြင့် (၈) ကြိမ်ကောက်ယူခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါသန်းခေါင်စာရင်း အချက်အလက်တချို့ကို ယနေ့အထိ ကိုးကားအသုံးပြုနေရဆဲဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်းတွင် နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်အတော်များများကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲသည့်နေရာတွင် အသုံးပြုခဲ့ပြီး နှစ်စဉ်နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကိုလည်း အနီးစပ်ဆုံး ခန့်မှန်းတွက်ချက် ထုတ်ပြန်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မကောက်ယူမီ အချိန်တွင် ကြားကာလပြောင်းလဲလာသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို သိရှိရန်၊ နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူထုတ်ပြန်ပေးခဲ့ရာ ယခုအချိန်အထိ အသုံးဝင်နေဆဲဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကို (၁၀) နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းများ ခိုင်မာမှုရှိစေရန်အတွက်လည်းကောင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် အခြေခံအချက်အလက်များ ရရှိစေရန်လည်းကောင်းရည်ရွယ်ပြီး မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒတွေချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### မဲစာရင်းမှန်ကန်စေရေး အထောက်အကူဖြစ်စေမည်

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ

*စာမျက်နှာ ၅ သို့*




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်း မှန်ကန်စေရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို **“ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ” “Helping vulnerable populations in emergencies”**ဟု သတ်မှတ်ထားကြောင်း၊ အဆိုပါဆောင်ပုဒ်ချမှတ်ရခြင်းသည် ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့်ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးကြောင့် အရေးပေါ်အခြေအနေများကို လူသားများကြုံတွေ့ခံစားနေကြရကြောင်း။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများက ပိုမိုထိခိုက်ခံစားကြရကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များ၊ ပဋိပက္ခများဖြစ်ပေါ်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ခုခံနိုင်စွမ်းနည်းသည့်အပြင် သူတို့၏ သီးသန့်လိုအပ်ချက်များသည်လည်း လျစ်လျူရှုခြင်းခံရလေ့ရှိကြောင်း၊ သူတို့၏ ဘဝလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် ကျန်းမာရေးများကို ဆောင်ရွက်ပေးခြင်းသည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း၏ ကောင်းကျိုးကို ဖြည့်ဆည်းပေးခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတကာ သတင်းအချက်အလက်များအရ ဘေးဥပဒ်ကျရောက်နေသူများထဲတွင် လူငယ်များစွာပါဝင်နေသည်ဟု သိရကြောင်း၊ နိုင်ငံတချို့တွင် ဘေးဥပဒ်ကျရောက်နေသူများ၏ သုံးပုံနှစ်ပုံခန့်သည် အသက် (၂၅) နှစ်အောက် လူငယ်များဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ကျောင်းမနေသည့် လူငယ်တစ်ဝက်ခန့်တွင် ပဋိပက္ခဖြစ်နေသည့် နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့ခဲ့ရသည့် နိုင်ငံများက ဖြစ်နေသည်ကို တွေ့ရပါကြောင်း။

- ❖ **အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်**
- ❖ **ယခုလို လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လို**

**အရေးပေါ် စီမံခန့်ခွဲမှုအစီအမံများ ပြင်ဆင်ထားရန်လို**

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်၊ နိုင်ငံ၏အင်အားများဖြစ်ခြင်းကြောင့် ကလေးများ၊ အမျိုးသမီးငယ်များ ကျောင်းပညာသင်ကြားခွင့်မရခဲ့ပါက သို့မဟုတ် သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက ၎င်းတို့ တစ်ဦးချင်းအတွက်သာမက ၎င်းတို့ပတ်ဝန်းကျင်နှင့် နိုင်ငံ့၏အနာဂတ်သည်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိခိုက်လွယ်သူများကို အားလုံးက ကူညီဖေးမစောင့်ရှောက်ပေးရန် လိုအပ်သကဲ့သို့ ဒေသန္တရအစိုးရအဖွဲ့အစည်းများကလည်း အရေးပေါ်စီမံခန့်ခွဲမှုအစီအမံများ ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

ထို့ကြောင့် အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်ကြောင်း၊ ယခုလို လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ မှတ်တိုင်တစ်ခုဖြစ်လာမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ဆောင်ပုဒ်ဖြစ်သည့် **“ပြည်သူအားလုံးပါဝင်လို့၊ သန်းခေါင်စာရင်းကောက်ကြစို့” “A nation-wide census, let us all participate”** ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှင်းလင်းတင်ပြစဉ်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၏အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် “ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ” Video Clip ကို ပြသသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၁-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၀-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀) နာရီမှ (၁၁-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ (၂၄) နာရီ အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ်(၈၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၁) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၁-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၃၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၁-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာ စုစုပေါင်း (၂၅၀) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ အဖွဲ့ဝင်များ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာန လက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဆုရရှိသူ ကျောင်းသား/ကျောင်းသူများနှင့် မိဘများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

**အားပေးမြှင့်တင်လျက်ရှိ**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရန် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**ဟူသည့် လူမှုရေး ဦးတည်ချက် ပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော ပညာတတ်များစွာ ပေါ်ထွန်းလာရေး အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ ဦးအပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၂၇ ဦးတို့ကို **“ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း”**ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် **“ယနေ့လူငယ် နောင်ဝယ်လူကြီး”** ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာကြစေရေး ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ယင်းနောက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအတွက် ဝန်ထမ်းတစ်ဦးကလည်းကောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက လည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ဆုရရှိသူ ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသား/ကျောင်းသူ ၁၆၁၇၇ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ၊ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၂၇ ဦးကို ဂုဏ်ပြုလွှာနှင့်ဆုငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄) ကျင်းပ



**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄) ကျင်းပသည်။ **(ဝဲပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို ရှင်းလင်းဖတ်ကြားသည်။ ယင်းနောက် မိုးစပါးစိုက်ရာသီဖြစ်၍ သတ်မှတ်လျာထားသည့် မိုးစပါးစိုက်ဧကများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပျိုးခြံများရှိ ပျိုးပင်များ ဇူလိုင်လအတွင်း အပြီးစိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ မိုးရာသီအတွင်း ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ အသိပညာပေးရန်နှင့် ဖြစ်ပွားလာပါက ကုသခြင်းနှင့် ထိန်းချုပ်ခြင်းလုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာမြို့နယ်အလိုက် စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများကို စဉ်ဆက်မပြတ် သွားရောက်ကြည့်ရှုစစ်ဆေးရန် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အခြေခံစားသုံးကုန်များ၊ ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး စစ်ဆေးဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက အသီးသီးတင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လိုအပ်ချက်များကို တင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေ ပေးအပ်

**ဝမ်းတွင်း ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟာမန်က အမှာစကား ပြောကြားပြီး ဝါစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးငွေကျပ် ၁၂၉၄ သိန်းကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌထံ ပေးအပ်သည်။ ထို့နောက် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က ဇူလိုင် ၈ ရက်တွင် အင်းကန်းကြီးကျေးရွာ၊ ဘုရားဖြူကျေးရွာ၊ ရွာရှည်ကျေးရွာ၊ ပြည့်စုံကုန်းကျေးရွာ၊ အောင်သာကျေးရွာ၊ ဂုဏ်ရွာကျေးရွာ၊ နတ်ကန်ကျေးရွာတို့ရှိ သမဝါယမအသင်းသားများသို့ ငွေကျပ် ၁၂၉၄ သိန်းနှင့် ညီမျှသော သွင်းအားစုများကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေ ပေးအပ်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟာမန်၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

**ရင်းရင်းနှီးနှီး ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန်ထုတ်လွှင့်နိုင်ရေး၊ စီးပွားရေး ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ အရှေ့ဖွားစောကျေးရွာသို့ သွားရောက်၍ ကျေးရွာအဝင်မှ ဇယဝေရီကန်သို့ သွားသောလမ်း အရှည် ၁ မိုင် ၂ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၈ ပေကို ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ အဆိုပါ လမ်းပိုင်းတွင် ပေ ၅၂၄၀ မြေသား ၂ ပေထုတင်၍ ထပ်မံ ဆောင်ရွက်မည့်နေရာ၊ ရေကျော်ပေ ၅၀၊ ပေ ၈၀ နှင့် ပေ ၁၅၀ သုံးစင်း ဆောင်ရွက်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အနောက်ဖွားစောကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအဝင်လမ်းအရှည် ၂ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၈ ပေ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြင်းကပါ ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်၍ ကျေးရွာတွင်းလမ်း ခုနစ်ဖာလုံ ဂျင်းကျောက်ခင်းကျင်းနေမှုကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် ရွာတွင်းလမ်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စံပြကျေးရွာအတွက် ဆောင်ရွက်ပေးမည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းများ၊ အခြားသော ဆက်စပ်ဝန်ကြီးဌာနများ၏ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မှာကြားသည်။ ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ခေတ်မီစံပြကျေးရွာ၏ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေး မြင့်မားရေးကဏ္ဍတွင် ပါဝင်သော ဧည့်လမ်းညွှန်/ဧည့်လမ်းပြသင်တန်း ဖွင့်လှစ်ပို့ချပေးနေမှုကို အားပေးကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကုန်းတန်းကြီးကျေးရွာအဝင်လမ်းအရှည် ၁ မိုင် ၄ ဖာလုံအနက် လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ကုန်းတန်းကြီးကျေးရွာ အထိ ဆက်လက်ဆောင်ရွက်မည့် လမ်းအရှည် ၁ မိုင် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော ပုဂံမြို့သစ်မှ နတ်ကြိုအိုင်ကျေးရွာအဝင်လမ်း ၁ မိုင် ၄ ဖာလုံ ပြုပြင်ဖောက်လုပ်ပေးမည့် အခြေအနေ၊ ရေကျော်အမှတ် (၂) တည်ဆောက်မည့်နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လောကနန္ဒာဘုရားအား သွားရောက်ဖူးမြော်ပြီး ဘုရားပရိဝုဏ်အတွင်း မဉ္ဇူသကနတ်ပန်းရောင်းချနေသော ဒေသခံများနှင့် တွေ့ဆုံ၍ အဆင့်မီထုတ်ကုန်ဖြစ်စေရန်၊ ထုပ်ပိုးကုန်များ သန့်ရှင်းသပ်ရပ် ကောင်းမွန်စေရန်၊ ယခုကဲ့သို့ ပန်းပွင့်ခြောက်ပြုလုပ်ရောင်းချခြင်းအပြင် မဉ္ဇူသကနတ်ပန်းမှ အလှဆီထုတ်လုပ်တတ်စေရန် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက သင်တန်းပို့ချပေးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# YBS ယာဉ်များပေါ်တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တို့ပူးပေါင်း၍ ယနေ့နံနက်က ခရီးသည်တင် YBS ယာဉ်များပေါ်တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများပါ အသိပညာပေးပိုစတာများကပ်၍ ယာဉ်ပေါ်ပါခရီးသည်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထိုသို့ ကျန်းမာရေးဝန်ထမ်းများ၊ YRTC ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ YRTC မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုသို့ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆူးလေ (မဟာဗန္ဓုလပန်းခြံရှေ့)၊ သခင်မြပန်းခြံ၊ ကမ္ဘာအေး၊ ဒညင်းကုန်းလမ်းဆုံ၊ မြောက်ဥက္ကလာပအဝိုင်း၊ သဃ်န်းကျွန်း စံပြဈေးတို့တွင်လည်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ထိုသို့အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




# ပဲခူးမြို့၌ အာဇာနည်နေ့အကြိုဟောပြောပွဲ၊ စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၁**

(၇၇)နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲ၊ စာစီစာကုံး/ကဗျာနှင့်ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်လွဲ့လွဲ့မော်က အာဇာနည် သူရဲကောင်းများအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းပြဆရာမ ဒေါ်တင်တင်သော်က အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ ကဗျာပြိုင်ပွဲတွင် မူလတန်းအထက်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် မူလတန်း အောက်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ဟောပြောကြသည်။

ယင်းနောက် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၁ ဦးက ကမ္ဘာတည်သရွေ့ မော်ကွန်းထိုးထိုက်သည့် အာဇာနည်တို့၏ စိတ်ဓာတ်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။



**သက်ထက်**

# နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ (၂၃) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း( ၆ )ရက်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်**

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မြောက်ပိုင်းမဟာမိတ် (၃)ဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း **၁၀၂၇ စစ်ဆင်ရေး** အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် MNDAA / TNLA/AA နှင့် ယင်းအဖွဲ့အစည်းများအား ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားမှုကို အခွင့်ကောင်းယူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ **၁၀၂၇ ဒုတိယလှိုင်း** အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများအား ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

၂။ ယခုအခါ အထက်ပါအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှလက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိနေပါသည်။

၃။ ကျွန်ုပ်တို့နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိဖြစ်ရပ်များအပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်–

(က) မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်း ချစ်ကြည်ရင်းနှီးစွာ အတူရောနှောပျံ့နှံ့နေထိုင်လေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အထက်ပါ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် ၎င်းတို့နှင့် လူမျိုးစုမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ပြောင်းရွှေ့စေခြင်းသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲဖျက်ဆီးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၏ ပုဒ်မ (၃၅၅)ပါ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်အား အတိအလင်း ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

( ခ ) အထက်အပိုဒ်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်ခြိမ်းခြောက်နှင်ထုတ်ခြင်းသည် **အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၃(၁) ပါ "လူတိုင်းတွင် မိမိ၏ နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာ ရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်ကို အတိအလင်း ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

( ဂ ) ၎င်းအပြင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများသည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်းနှင့် နိုင်ငံတကာကလက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းတို့ကို ပြုလုပ်နေကြောင်း ရှုမြင်ပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်အစွမ်းဝါဒကို မလိုလား၊ လက်မခံကြသော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား ကျွန်ုပ်တို့နိုင်ငံရေးပါတီများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA / TNLA / AA နှင့် ၎င်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ် ပူးပေါင်းပါဝင်ကူညီပေးနေကြသော အဖွဲ့အစည်းများ အားလုံးကို လုံးဝ(လုံးဝ) လက်မခံ၊ ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံရေးပါတီများ၏ ရှုမြင်သုံးသပ်ချက်များအပေါ်မူတည်၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက အောက်ပါအတိုင်း ပိုမိုအရှိန်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်–

(က) အထက်ပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများအား အကြမ်းဖက်အုပ်စုများအဖြစ် နိုင်ငံတွင်း၌သာမက နိုင်ငံတကာကပါ သိရှိလက်ခံနိုင်ရန် ဆောင်ရွက်ခြင်း။

( ခ ) အထက်ပါ အကြမ်းဖက်အဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ကြေညာ၍ အာဆီယံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ဌာနချုပ်တို့နှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်၍ လည်းကောင်း လိုအပ်သလို ကန့်သတ်၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်း။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA / TNLA / AA ၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုး ပူးတွဲသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၁။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၂။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၃။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီး၏ ဝိနည်းတော်စာပြန်ပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား တက်ရောက်ကြည်ညို

**နေပြည်တော် ဇူလိုင် ၁၁**

ဆဋ္ဌမအကြိမ်မြောက် အဘိဝိနယာစရိယ စာတော်ပြန်ပွဲ စာအောင်အရှင်သူမြတ်များ အောင်လက်မှတ်ဆက်ကပ်လှူဒါန်းခြင်း ဂုဏပူဇာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီး၏ ဦးဆောင်ဆရာတော် ကော့ကရိတ်မြို့ ကော့ဝါလဲကျေးရွာ အေးချမ်းသာယာဆရာတော် ဘဒ္ဒန္တ ကဝိနန္ဒထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း



ကြီး၏ နာယကဆရာတော် တောင်တွင်းကြီးမြို့ ဆတ်သွားကျေးရွာ ဂန္ဓာရုံဘုံကျော်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသ က သာရဏီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းဥက္ကဋ္ဌက ဖြေဆိုအောင်မြင်မှု အခြေအနေများကိုလည်းကောင်း လျှောက်ထားတင်ပြကြသည်။

**အောင်လက်မှတ်များ ဆက်ကပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဘိဝိနယာစရိယ စာတော်ပြန်ပွဲ စာအောင် အရှင်သူမြတ်များအား အောင်လက်မှတ်များ ဆက်ကပ်ပြီး (ဝဲပုံ) ဘွဲ့နှင်းနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရန်အောင်မြင်ကျောင်းဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တခေမာနန္ဒထံမှ အနုမောဒနာတရား နာကြားကြသည်။

ယနေ့ကျင်းပသော ဆဋ္ဌမအကြိမ် အဘိဝိနယာစရိယ စာတော်ပြန်ပွဲကို ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရေး စောင့်ရှောက်ထိန်းသိမ်းရာတွင် ဝိနယ ဂရုက လဇ္ဇီ ပေသလ သိက္ခာကာမ အရှင်သူမြတ်များစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ခက်ခဲနက်နဲသည့် ဝိနည်းအဆုံးအဖြတ်မေးခွန်းများကို ကျမ်းပြုစုရသည့်ပမာ ဖြေဆိုစေခြင်းမှ အောင်မြင်တော်မူခဲ့သော စာအောင်အရှင်သူမြတ်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်း ဂုဏပူဇာအခမ်းအနား၌ ပထမအဆင့်တွင် ရဟန်း ၁၆ ပါး၊ သာမဏေ နှစ်ပါး၊ ဒုတိယအဆင့်တွင် ရဟန်း နှစ်ပါး၊ သာမဏေ တစ်ပါးနှင့် တတိယအဆင့်တွင် ရဟန်း တစ်ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း နှင့် ထူးချွန်ဆုရ ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးသည် ကျောင်းသားကျောင်းသူ တစ်ဦးချင်းစီအတွက် ဘဝရည်မှန်းချက်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်သည့် လိုအပ်ချက်ဖြစ်ပါကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သဖြင့် ပညာရေးကို တိုးတက်အောင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ထက်မြက်စွာ အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအနေနှင့် ပညာရည်မြင့်မားတိုးတက်ပြီး အနာဂတ်မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ကြပါစေကြောင်းနှင့် ထူးချွန်ဝန်ထမ်းများအနေဖြင့်လည်း ကျရာတာဝန်ကျေပွန်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကို လည်းကောင်း၊ ဌာနအကြီးအကဲများက လေးဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူးနှင့် တစ်ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁၃ ဦး စုစုပေါင်း ၁၅၄ ဦးနှင့် ထူးချွန်ဝန်ထမ်း ၁၈ ဦးတို့ကို ဝန်ကြီးဌာနမှ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့နယ် မြင်စိုင်းကျေးရွာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး ဟောပြောပွဲကျင်းပ



**ကျောက်ဆည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" လူထုအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပတ္တာကျေးရွာအုပ်စု မြင်စိုင်းကျေးရွာ ဆင်ဖြူချပ် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ်ဦးစီးမှူး ဦးအောင်ထားရွှေက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများကို တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသော လုပ်ငန်းဖြစ်ကြောင်း၊ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးကျော်ညဏ်ဟိန်းက သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် ပြည်သူများ၏ လိုအပ်သောစာသင်ကျောင်း၊ ဆေးရုံ/ဆေးခန်း၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်ဓာတ်အား၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို စာသင်ကြားရာတွင် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း မှာကြား



**ရန်ကုန် ဇူလိုင် ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ စာကြည့်တိုက်များနှင့် ဘာသာရပ်ဆိုင်ရာဌာနများအတွက် အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများရရှိစေမည့်စာအုပ်စာတမ်းများနှင့်ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို နှစ်စဉ်ပိုမိုဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ၊ သုတေသနသုံး ပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးချကြစေလိုကြောင်း၊ တက္ကသိုလ်များ၏ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ကောင်းဖြစ်ရန် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိတို့၏ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများသာမက ဆက်စပ်ဘာသာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရန်အတွက် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရန် လိုအပ်ကြောင်း၊ စာသင်ကြားရာတွင် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ ထို့ပြင် မိမိတို့၏ ကျောင်းသား ကျောင်းသူများကို လိမ္မာယဉ်ကျေးပြီး နိုင်ငံတော်ကို ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်ရှိစေရေး၊ ယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထားတတ်စေရေး၊ ဂါရဝတရား၊ နိဝါတတရားရှိပြီး စိတ်ကောင်းရှိစေရေးနှင့် ကိုယ်ချင်းစာစိတ်များ ရှိလာစေရေးတို့ကို အလေးအနက်ထား သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ဝတ်စားဆင်ယင်မှုများနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကို မပျောက်ပျက်စေရန် ထိန်းသိမ်းတတ်သည့်အလေ့အကျင့်ကောင်းများ ရရှိအောင် သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကြိုးကြာကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မာလာကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ရေကြည်မြို့နယ် အသုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ အနောက်ဘက်ကမ်း အခြေခံပညာမူလတန်းကျောင်း၊ သပြေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဝက်ရုပ်အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တို့သို့ သွားရောက်ပြီး ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြည်မြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းများ၌ စာသင်ဆောင်များ လုံလောက်မှုရှိစေရေး၊ ရေသန့်စက်နှင့် ရေလုံလောက်မှုရှိစေရေး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး၊ ကျောင်းပတ်ဝန်းကျင်လုံခြုံစေရန် ခြံစည်းရိုးများ စနစ်တကျ ကာရံရေးတို့ကို မှာကြားပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ KG တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးသိုင်းချောင်းမြို့ အခြေခံပညာမူလတန်းကျောင်း (ရေတာံခွန်) ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး KG တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ ပေးအပ်သည်။

ထို့နောက် ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ခန်းအတွင်း အေးချမ်းစွာ ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပရဝဏ်အတွင်း၌ ကျင်းပသည်။

ဦးစွာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ်(၁)၌ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၅၀၀ နှင့် ထိုင်းငါးခုံးမသားပေါက်ကောင်ရေ ၇၅၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ စိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ငါးသားပေါက်များ စိုက်ထည့်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) (B) (C) ရှေ့၌ ရတနာတန်းဝင်အပင်များဖြစ်သည့် ကျွန်းနှင့် ပျဉ်းကတိုးပျိုးပင် ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ပျိုးပင်များ ဦးဆောင်စိုက်ပျိုးပြီး အရာထမ်း/အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင် / သစ်တောများ မပြုန်းတီးစေရန်နှင့် ရာသီဥတုကို မျှတကောင်းမွန်စေရန် ရည်ရွယ်၍ WUNNA THEIKD I SPORTS COMPLEX အတွင်း ၂၀၂၁ ခုနှစ်တွင် ပထမအကြိမ်အဖြစ် စိန်တလုံးသရက်ပင် ၅၀၀၊ ၂၀၂၂ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် စိန်တလုံးသရက်ပင် ၆၀၀၊ ၂၀၂၃ ခုနှစ်တွင် တတိယအကြိမ်အဖြစ် စိန်တလုံးသရက်ပင် ၁၃၀၀၊ ယခု ၂၀၂၄ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ကျွန်းပင် ၅၀၀ နှင့် ပျဉ်းကတိုးပင် ၅၀၀ စုစုပေါင်းပျိုးပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ ရှေးဦးပြုစုခြင်းမွမ်းမံသင်တန်း အမှတ်စဉ်(၁၈/၂၀၂၄)၊ အမှတ်စဉ်(၁၉/၂၀၂၄)နှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၂၀/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် အစိုးရစက်မှု/လက်မှုသိပ္ပံ(ပြင်ဦးလွင်) တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း မွမ်းမံသင်တန်းအမှတ်စဉ် (၁၈/၂၀၂၄)၊ အမှတ်စဉ်(၁၉/၂၀၂၄) နှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၂၀/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အစိုးရစက်မှု/ လက်မှုသိပ္ပံ(ပြင်ဦးလွင်)၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗဟိုကောင်စီဝင် ဒေါက်တာသိန်းထွန်းဆောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗဟိုကောင်စီဝင် ဦးကျော်ကျော်က ဆေးအိတ်များ ပေးအပ်ချီးမြှင့်ရာ အစိုးရစက်မှု/လက်မှုသိပ္ပံ (ပြင်ဦးလွင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာကြူကြူဆွေက လက်ခံရယူသည်။

ထို့နောက် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးကို၊ အဖွဲ့ဝင် ဒေါ်အမာတို့က သင်တန်းအသီးသီးတွင် တင်ရောက်အောင်မြင်ကြသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် လာအိုနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

**ဗီယန်ကျင်း ဇူလိုင် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ Lao Asia Pacific Satellite Company Limited ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံရှိ ရုပ်မြင်သံကြားကဏ္ဍနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးတို့အတွက် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ဇူလိုင် ၁၀ ရက် ညပိုင်းတွင် ရောက်ရှိကြသည်။

ယနေ့နံနက်ပိုင်းတွင် လာအိုအမျိုးသား ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး Mr. Bounyaeng THAMMAVONG, Deputy Director General Broadcast and Channel Department နှင့် အဖွဲ့က လာအိုအမျိုးသား ရုပ်မြင်သံကြားဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရုပ်မြင်သံကြားထုတ်လွှင့်ဆောင်ရွက်နေမှုများကို လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုနှင့်အတူ လာအိုသိပ္ပံနှင့်နည်းပညာနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Academician Professor Bovieng-kham Vongdara နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဒေသတွင်း ရင်းနှီးချစ်ကြည်မှု ခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ ရုပ်မြင်သံကြားနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း မြန်မာ့အသံနှင့် ပူးပေါင်းဆောင်ရွက်နေသော မြန်မာနိုင်ငံမှ Borderless Broadcast Co.,Ltd ၏ DTH စနစ် ထုတ်လွှင့်ရေးဆိုင်ရာများနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆက်သွယ်မှုခက်ခဲသော အခြေခံပြည်သူများအတွက် DTH Set Top Box နှင့် ဆိုလာ ဓာတ်အားပေးစနစ်အပါအဝင် ဆက်စပ်ပစ္စည်းများ လှူဒါန်းမည့် အစီအစဉ်အတွက် လာအိုနိုင်ငံတွင် အလားတူဆောင်ရွက်လျက်ရှိသော စီမံကိန်းကို လေ့လာဆွေးနွေးသွားမည်ဖြစ်သည်။

ဒုတိယဝန်ကြီးနှင့်အတူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **သတင်းစဉ်**



## ပေါင်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပေါင် ဇူလိုင် ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ (အထက) ဇင်းကျိုက်ကျောင်း၌ ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လဝက ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများမှ အသက်(၁၀)နှစ်နှင့်(၁၈)နှစ်ကြား ပြည်သူ ၂၁၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန သထုံခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က ပန်းခင်းစီမံချက် အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



## လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW AUDI၊ Q4 E TRON-40 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd မှ တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မင်းလှမြို့၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲဆောင်ရွက်

**မင်းလှ ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောခြင်းကို အမှတ်(၂)ရပ်ကွက် အ.ထ.က မင်းလှ(မြို့တွင်း)ကျောင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်သည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်ဝေငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက ကျောင်းကျန်းမာရေးဆိုင်ရာ အချက်အလက်များ အသိပညာပေးဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကိုပြောကြားသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးမှူး အဆင့်(၁)ဒေါ်အေးအေးသင်းက သွေးလွန်တုပ်ကွေးရောဂါ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော ရောဂါဖြစ်ပွားရခြင်း အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၁၁ ရက်က ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ဘားအံမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ဘားအံ ဇူလိုင် ၁၁**

ကရင်ပြည်နယ် ဘားအံမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် အသိပညာပေး ဟောပြောပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို ဘားအံမြို့နယ်အတွင်း၌ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် တုနှိုင်းမမှီ အာဇာနည်ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃၆ ဦး၊ (၁၉)ဇူလိုင် မမေ့နိုင် ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၆၅ ဦး၊ အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် အသီးသီး ကျင်းပခဲ့ကြောင်း ဘားအံမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**



ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

## စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် Mobile Fuel Lab ယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှု ကွင်းဆက်အတွင်း အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် ဌာနပိုင် Mobile Fuel Lab ယာဉ်များဖြင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရောင်တခင်ဝင်ရောက်၍ အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၆၁ ဆိုင်ကို Mobile Fuel Lab ယာဉ်များဖြင့် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့ရှိ စက်သုံးဆီအရောင်းဆိုင် ၃၆၀ နှင့် အခြင်အတွယ် စစ်ဆေးခြင်းကို အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စက်သုံးဆီ



အရောင်းဆိုင် ၆၀၀ စုစုပေါင်း အရောင်းဆိုင် ၉၆၀ ကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီ၊ မေနှင့် ဇွန်လအထိ အရောင်းဆိုင် စုစုပေါင်း ၃၄၅ ဆိုင်ကိုအရည်အသွေးနှင့်အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး



ဦးစီးဌာနသည် ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှု ကွင်းဆက်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှု ကွင်းဆက်ဖြစ်ပေါ်လာစေရေးနှင့် အများပြည်သူများ အရည်အသွေး စံချိန်စံညွှန်းနှင့် အခြင်အတွယ် ပြည့်မီသောစက်သုံးဆီများဝယ်ယူ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီ အရောင်းဆိုင်များတွင် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းတို့ကို ပိုမိုထိရောက်စွာ ထိန်းကျောင်းကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်



ချင်းတွင်းမြစ်ရေ မြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ပေါမိုင်း)၊ အခြေခံပညာမူလတန်းကျောင်း (သာစည်)နှင့် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့်သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ခန္တီး) အတွင်း/အပြင်၌ မြစ်ရေကြီးမှုနှင့်အတူ ပါရှိလာသည့် နွံ၊ သဲနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး

**လယ်ဝေး ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စမတောင်မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်း၌ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများကို လယ်ဝေးမြို့ ခုတင်(၁၀၀) ဆေးရုံအုပ်ဒေါက်တာနန္ဒာကျော် ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စမတောင်ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ အုပ်စုခွဲ၍ ကျန်းမာရေးပညာပေးခြင်း၊ စားဖိုဆောင်၊ လက်ဆေးကန်များ၊ ရေတွင်း ရေကန်များ၊ အိမ်သာများ၊ အမှိုက်စွန့်ပစ်သည့်နေရာများကို စစ်ဆေးခြင်း၊ ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**



## ရေဝတီနှင့် ဝေန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့် (၁၃၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့် (၁၁၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့် (၁၀၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့် (၁၁၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေကျော်ခန့် (၁၂၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းဘူးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာများ ရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁၁**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။



ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄) ဌာနမှူး ဒေါ်အိအိခိုင်က အမှာစကားပြောကြားသည်။ ထို့နောက် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နီလာရွှေက ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ကုမ္ပဏီများမှတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းအခွန်ဆိုင်ရာရှင်းလင်းပွဲသို့ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ဖုန်းအရောင်းဆိုင်၊ ရွှေဆိုင်နှင့် မီဒီယာလုပ်ငန်းများလုပ်ကိုင်ကြသည့် ကုမ္ပဏီ ၁၁၀ မှ တာဝန်ရှိသူ ၁၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**အာကာလင်း**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသူနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ် (ပြန်/ဆက်)



# ဂါဇာဒေသ၌ ငြိမ်းချမ်းရေးရရှိပါက ဟစ်ဇ်ဘိုလာအဖွဲ့မှ အပစ်အခတ်ရပ်စဲမည်

ဘေရွတ် ဇူလိုင် ၁၁

**ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပါက အစ္စရေးကို တိုက်ခိုက်နေမှုများအား ရပ်တန့်သွားမည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟတ်ဆန်နာစရယ်လာ က ဇူလိုင် ၁၀ ရက်တွင် ပြောသည်။**

လွန်ခဲ့သည့်သီတင်းပတ်အတွင်း လက်ဘန္နန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတို့၏သတ်ဖြတ်ခြင်းခံခဲ့ရသော ပါတီခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုဟာမက် နီမက် နက်ဆာကို ဂုဏ်ပြုသည့်အနေဖြင့် ပြောကြားသည့်ရုပ်မြင်သံကြားမိန့်ခွန်းတွင် ယခုလို မှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဂါဇာစစ်ပွဲပြီးဆုံးသွားခဲ့လျှင်လည်း လက်ဘန္နန်၌ ပဋိပက္ခများ ဆက်လက်ဖြစ်သွားဖွယ်ရှိသည်ဟူသော အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန့်၏ ပြောကြားချက်ကိုလည်း ဟစ်ဇ်ဘိုလာခေါင်းဆောင်က ပြန်လည်တုံ့ပြန်ခဲ့သည်။

လက်ဘန္နန်တောင်ပိုင်းနှင့် ပြည်သူများကို ကာကွယ်ရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် အစ္စရေးနှင့် စေ့စပ်ညှိနှိုင်းမှုတွင် ဟားမားစ်အဖွဲ့က မည်သည့်ဆုံးဖြတ်ချက်မျိုးမဆို ပြုလုပ်ပါစေ ထောက်ခံသွားမည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟတ်ဆန်နာစရယ်လာက ပြောသည်။

ဟားမားစ်အဖွဲ့မှ ညီအစ်ကိုများ အသိဆုံးဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဟားမားစ်သည် တော်လှန်ရေးအဖွဲ့များအားလုံးကိုယ်စား စေ့စပ်ညှိနှိုင်းနေပြီး ဆုံးဖြတ်ချက်အားလုံးကို ဟစ်ဇ်ဘိုလာက ထောက်ခံမည်ဟု ၎င်းက ပြောသည်။ အီဂျစ်၊ အမေရိကန်နှင့် ကာတာနိုင်ငံမှ ကိုယ်စားလှယ်များ ဒိုဟာမြို့၌ အစ္စရေးကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ဂါဇာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ဆွေးနွေးနေစဉ် နာစရယ်လာ၏ ယခုလို ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆင်ဟွာ



လက်ဘန္နန်နိုင်ငံတောင်ပိုင်းမှနေ၍ ဟစ်ဇ်ဘိုလာတို့ပစ်ခတ်လိုက်သည့် ဒုံးကျည်ကြောင့် ပျက်စီးနေသည့် သစ်တောဧရိယာကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။

## ကမ္ဘာ့ရေးရာပြဿနာများကို အတူတကွဖြေရှင်းရန် ဂျပန်နှင့် အာရပ်နိုင်ငံများအဖွဲ့ သဘောတူ

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နှင့် အာရပ်နိုင်ငံများအဖွဲ့တို့သည် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပေါ်ပေါက်စေရန်အတွက် ရာသီဥတုပြောင်းလဲခြင်းနှင့် တခြားကမ္ဘာ့ရေးရာပြဿနာများကို အတူတကွ ကိုင်တွယ်ဖြေရှင်းရန် သဘောတူခဲ့ကြသည်။

ဂျပန်နှင့် အာရပ်နိုင်ငံများအဖွဲ့မှ ဝန်ကြီးများသည် ဇူလိုင် ၁၁ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ နှစ်ရက်ကြာ ကျင်းပသော ဂျပန် - အာရပ် စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့သည်။

ဂျပန် စီးပွားရေးဝန်ကြီး ဆိုင်တိုကန်က မိမိတို့၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး အာရပ်နိုင်ငံများနှင့် ကြိုတင်ဆွေးနွေးမှုများ လုပ်ဆောင်သွားရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

မိမိတို့အားလုံး ရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မိမိတို့၏အားသာချက်များကို အသုံးချသွားရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

အာရပ် အဖွဲ့ခေါင်းဆောင် အတွင်းရေးမှူးချုပ် အာမက် အာဘော်ဂီယက်က ရာသီဥတုပြောင်းလဲခြင်း၊ ဉာဏ်ရည်တုနှင့် ပညာရေး စသည့်နယ်ပယ်သစ်များ၌ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖြစ်ပေါ်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။



ထို့အပြင် အာရပ်အဖွဲ့သည် ဂျပန်နိုင်ငံ၏ ကျွမ်းကျင်မှုများကို သင်ယူလိုကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပူးတွဲ ကြေညာချက်တွင် နှစ်ဖက် ခေါင်းဆောင်များသည် ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်လုံခြုံမှုနှင့် အေအိုင်နည်းပညာ ပေါ်ပေါက်လာမှု စသည့် တခြားကမ္ဘာ့အရေးကိစ္စများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူခဲ့ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ မိုးနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၂၂ ဦးရှိ

**နယူးဒေလီ ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ မိုးနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၂၂ ဦးထက်မနည်းရှိသည်ဟု အာဏာပိုင်များက ဇူလိုင် ၁၁ ရက်တွင် ပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်လာပြီး ပြည်နယ်အတွင်း ခရိုင် ၁၂ ခုရှိ ကျေးရွာပေါင်း ၆၀၀ ကျော် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု သက်သာချောင်ချိရေးဌာန အရာရှိများက ပြောသည်။

ရေကြီးမှုကြောင့် စိုက်ပျိုးမြေဧကပေါင်း ၁၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး လူပေါင်း ၈၀၀၀၀၀ ဝန်းကျင် ရေကြီးမှုဒဏ်ခံစားခဲ့ရသည်။ ကယ်ဆယ်ရေးနှင့်သက်သာချောင်ချိရေးအဖွဲ့များက လူပေါင်း ၁၀၀၀၀ ကျော်ကိုဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ရေကြီးမှုများ အပါအဝင် နိုင်ငံအတွင်းရှိပြည်နယ်အများအပြားတွင် မုတ်သုံမိုးများ သည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုအခြေအနေများ ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**



## တောင်ကိုရီးယားနိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၁၀ သန်း အထိရှိလာ

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယားနိုင်ငံ၏ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၁၀ သန်း ထိရှိလာပြီး သက်ကြီး လူမှုအဖွဲ့အစည်းနှင့် ပိုမို နီးစပ်လာပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁၁ ရက်တွင် ပြောသည်။

အသက် ၆၅ နှစ်နှင့်အထက် တရားဝင်မှတ်ပုံတင်နေထိုင်သည့် လူဦးရေသည် ဇူလိုင် ၁၀ ရက်တွင် ၁၀၀၀၀၀၆၂ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါသက်ကြီးပိုင်းလူဦးရေမှာ လူဦးရေစုစုပေါင်း၏ ၁၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်။ သက်ကြီးလူဦးရေအချိုးမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ၁၁ ဒသမ ၇၉ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ၁၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ ၂၀၁၉ ဒီဇင်ဘာလတွင် ၁၅ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ် ဧပြီလတွင် ၁၇ ဒသမ ၄၅ ရာခိုင်နှုန်းအထိ ဆက်လက်များပြားလာသည်။

တောင်ကိုရီးယားသည် သက်ကြီးလူမှုအဖွဲ့အစည်းသို့ နီးကပ်လာသည်။ သက်ကြီးလူမှုအဖွဲ့အစည်းဆိုသည်မှာ တိုင်းပြည်အတွင်း အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၂၀ ရာခိုင်နှုန်းကျော်ရှိလာခြင်းကို ဆိုလိုသည်။ ဆိုးလ်မြို့တွင်နေထိုင်သည့် သက်ကြီးလူဦးရေမှာ ၄၄၈၉၈၂၈ ဦးရှိပြီး ဆိုးလ်မြို့ ဧရိယာပြင်ပတွင် နေထိုင်သည့် သက်ကြီးဦးရေမှာ ၅၅၁၀၂၃၄ ဦးရှိသည်။

**ဆင်ဟွာ**

## ဂျပန်ဖူဂျီတောင်တက်ရာသီအစတွင် သေဆုံးသူ သုံးဦးရှိလာ

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ၏ အမြင့်ဆုံးတောင်တက်ရာသီ စတင်လိုက်ပြီးနောက် နှစ်ရက်အတွင်း လူသုံးဦးသေဆုံးခဲ့ပြီဖြစ်သည်။ သေဆုံးသူ သုံးဦးလုံးကို ရှီဇူအိုကာခရိုင်ဘက်ခြမ်းရှိ တောင်တက်လမ်းကြောင်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရှီဇူအိုကာခရိုင်ဘက်ခြမ်းရှိ တောင်တက်လမ်းကြောင်း သုံးခုကို ဇူလိုင် ၁၀ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အခြားတောင်တက်လမ်းကြောင်းတစ်ခုဖြစ်သော ယာမာနာရှီ ခရိုင်ရှိလမ်းကြောင်းကို ယခုလအစောပိုင်း ဇူလိုင် ၁ ရက်ကတည်းက ဖွင့်ပေးခဲ့သည်။ ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ခုနစ်ခုမြောက်တောင်တက်စခန်းအနီး၌ အသက် ၆၀ ကျော်တောင်တက်သမားတစ်ဦးကို သတိလစ်မေ့မြောလျက်တွေ့ရှိခဲ့ပြီးနောက်ပိုင်းတွင် အဆိုပါတောင်တက်သမားမှာ သေဆုံးခဲ့ပြီးဖြစ်သည်ဟု အတည်ပြုခဲ့သည်။

အသက် ၇၀ ဝန်းကျင် တောင်တက်သမားတစ်ဦးမှာ တောင်ထိပ်ရောက်ခါနီးတွင် ခြေချော်ပြုတ်ကျသေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ နောက်ထပ် အသက် ၇၇ နှစ်အရွယ် တောင်တက်သမားတစ်ဦးမှာ ရှစ်ခုမြောက် တောင်တက်စခန်းအနီးတွင် သေဆုံးခဲ့သည်ကို ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီခန့်က တွေ့ရှိခဲ့သည်။

သေဆုံးသူ သုံးဦးလုံးမှာ တစ်ကိုယ်တော် တောင်တက်သမားများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ရာသီဥတု အပြောင်းအလဲမြန်သောကြောင့် တောင်ပေါ်သို့ တက်ရောက်ရာတွင် အန္တရာယ်မဖြစ်စေရန် တောင်တက်သမားများကို ရဲတပ်ဖွဲ့က သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် ကြုံတွေ့ရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလင်းလင်းဇော်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေး ဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ဇူလိုင် ၁၀ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း – ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ယူအေအီးနိုင်ငံ Ras Al Khaimah ပြည်နယ်တွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ချိန်များပြားပြီး အလုပ်ပင်ပန်းသည့်ဒဏ်ကို မခံနိုင်သဖြင့် အေဂျင်စီရုံးနှင့် မြန်မာနိုင်ငံမှ ၄င်းကိုပို့ဆောင်ခဲ့သူထံသို့ ဆက်သွယ်ခဲ့ရာ ပြန်လည်ထွက်ခွာလိုပါက လျော်ကြေးငွေကျပ် ၈၅ သိန်း ပေးလျော်ရမည်ဖြစ်ကြောင်းပြောကြားရာ မတတ်နိုင်သောကြောင့် အိမ်ရှင်ထံမှ ထွက်ပြေးခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ အကူအညီတောင်းခံခဲ့ရာ မြန်မာကောင်စစ်ဝန်ရုံးချုပ်အနေဖြင့် ပြန်လည်ထွက်ခွာနိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။




ယူအေအီးနိုင်ငံ Ras Al Khaimah ပြည်နယ်တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မလင်းလင်းဇော်က "ကျွန်မက ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သျှားခဲကျေးရွာမှာနေပါတယ်။ ဟိုမှာ အိမ်ငါးအိမ်ပြောင်းပြီး အလုပ်လုပ်ခဲ့ရပါတယ်။ခြောက်လလုံးလုံး အဆင်မပြေခဲ့ပါဘူး။ အလုပ်ရှင်အိမ်တွေက ထမင်းမကျွေးဘူး။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ရတယ်။ သူတို့အစားအစာ နည်းနည်းပဲစားရတယ်။ အိမ်တိုင်းကြုံတွေ့ခဲ့ရတာပါ။ အေဂျင့်ရုံးတွေက လုံးဝမကူညီပါဘူး။ နောက်ဆုံးထွက်ပြေးပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို အကူအညီတောင်းခံခဲ့တာကြောင့် စားဖို့၊ နေထိုင်ဖို့ စီစဉ်ပေးတဲ့အပြင် မြန်မာနိုင်ငံကိုပြန်နိုင်ဖို့ အစစအရာရာ ကူညီပေးကြပါတယ်။ ဒူဘိုင်းလေဆိပ်အထိ လိုက်ပါပို့ဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးကြီးလှပါတယ်။ မိမိနိုင်ငံသားတစ်ဦး ဒုက္ခရောက်နေချိန်မှာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့တာကို ရင်ထဲပြောပြလို့မရအောင် အထူးကျေးဇူးတင်ပါတယ်။ ဒီလိုအခက်အခဲမျိုးဆိုတာ ကိုယ်တိုင်ခံစားရမှ ကူညီကယ်ဆယ်မှုရဲ့ အကျိုးကျေးဇူးကို ပိုပြီး သိလာရတာပါ။ အဲဒီမှာ အိမ်အကူလုပ်မယ်ဆိုရင် လုံးဝမသွားသင့်တဲ့နေရာပါ။ ကျွန်မလို ဒုက္ခမျိုးစုံမကြုံစေချင်ပါဘူး။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင် အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်လုပ်ကိုင်ရှာဖွေရေး အေဂျင်စီများမှ လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ပါကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ – ကနူး**

## တပ်ကုန်း၌ နိုင်ငံတော်အဆင့် ဘွဲ့ရဆရာတော်နှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**တပ်ကုန်း ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် "အလင်းအိမ် စာကြည့်တိုက်" ရွှေသင်္ခါပညာရေးဖောင်ဒေးရှင်းမှ ဦးဆောင်ကျင်းပသည့် နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်ဆက်ကပ်ခံရသည့်ဆရာတော်များနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် လူငယ်ဖွံ့ဖြိုးရေးပရဟိတ မိဘမဲ့ဂေဟာနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တထေရိန္ဒ၊ အနော်ရထာရပ်ကွက် နောင်သင်္ခါကျောင်းသစ်ကျောင်းမှ ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းလုံး အောင်မြင်သည့် အရှင်မာနိတ အရှင်သုမြတ်တို့အား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၁၃ ဦးတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပခုက္ကူမြို့ပေါ်ရပ်ကွက်များ မြစ်ရေဝင်ရောက်

**ပခုက္ကူ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှု များပြားလာလျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှု အခြေအနေကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေရာစီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ် (၂) ရပ်ကွက်ရှိ နေအိမ်များအတွင်း ဇူလိုင် ၁၀ ရက်က ဧရာဝတီမြစ်ရေ ဝင်ရောက်လာသဖြင့် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် နေထိုင်သည့် အိမ်ထောင်စုရှစ်စု လူဦးရေ ၃၅ ဦးတို့အား ဇူလိုင် ၁၀ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဋ္ဌေးနှင့် တာဝန်ရှိသူများက ရေကင်းလွတ်ရာ အမှတ်(၂)ရပ်ကွက် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပေးစဉ်။

ကျော်ဇေယျာဝင်း(ကံမ)

## မြန်အောင်မြို့၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပွား

**မြန်အောင် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက် လွန်ဆေးမြိုင်ပန်းခြံ မြောက်ဘက် ပေ ၂၀ ခန့်အကွာ၊ ဆည်မြောင်းစွန့်ပစ်ရေကာတာမှ ၅ ပေခန့်အကွာ၌ ခရိုင်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geotextile ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ထားသည့်နေရာတွင် ယနေ့နေ့လယ်က ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် အလျား ၁၅ ပေ၊ အနံ ၃ ပေ ခန့် ကမ်းပြိုမှု ဖြစ်ပွားခဲ့သည်။



အဆိုပါကမ်းပြိုမှုဖြစ်ပွားသည့်နေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ကမ်းပြိုမှုအခြေအနေကို ကြည့်ရှု၍ ကမ်းပြိုကမ်းစားမှုသက်သာစေရန် ခရိုင်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မြစ်ကမ်းဘေးရှိ သစ်ပင်ကြီးများ၏အကိုင်းများ ခုတ်ထွင်၍ ရေဂလိုင်ထဲသို့ချခြင်း၊ ရေတောင်မွေ့ ပေ ၃၀၀ ခန့် ချထားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဇူလိုင် ၁၁ – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ၊ ညီလင်း (ခ) အိုက်ထွန်းနှင့် အောင်ဝင်းတို့ သုံးဦးသည် TOYOTA CROWN မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူ ဘလောက်တုံးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## ရေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသားတစ်ဦးကို သတ်ဖြတ်ပြီး နှစ်ဦးကို ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားစေသည့် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၁**
မွန်ပြည်နယ် ရေးမြို့တွင် ဇူလိုင် ၈ ရက်က ခြံထဲမှ ကွမ်းသီးခူးပြီး ပြန်လာသည့် အမျိုးသားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် ကွမ်းသီးလိုက်လံဝယ်ယူသည့် အမျိုးသားနှစ်ဦးကိုလည်း လူသားဒိုင်းသဖွယ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၇ ရက်တွင် ရေးမြို့ ရွာသစ်ကျေးရွာ နှင့် တောင်စွန်းကျေးရွာသို့ သွားရောက်သည့် လမ်းဆုံအနီးရောက်ရှိစဉ် ပွိုင့် - ၁၉၃ တောင်ကုန်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာမှ အကြမ်းဖက်သမားအလောင်းတစ်လောင်းနှင့်အတူ အမ်-၁၆ ကျည်အိမ် တစ်ခု၊ ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သား ပြည်သူများကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၁

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hsu (Hsu May Oo)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ဆုမေဦးအား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Daw Htay Htay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ချောစုလှိုင်၊ "Ei Nander" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ အိစန္ဒာဝင်းနှင့် "Wah Wah Aung" Viber အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက်နေ ရွှေဝါထိန်ဝင်းတို့အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆီဘောက်ဆာကားပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံး

**ရန်ကုန် ဇူလိုင် ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၇) ရပ်ကွက် ပဲခူးမြစ်လမ်း Super Solid ကားကြီးဝပ်ရှော့တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ဆီဘောက်ဆာကားပေါက်ကွဲမှုဖြစ်ပွားပြီး ပေါက်ကွဲမှုကြောင့် အလုပ်သမားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ Super Solid ကားကြီးဝပ်ရှော့တွင် ယာဉ်အမှတ် MON-4 7D ----၊ HINO အမျိုးအစား အဖြူရောင်ဆီဘောက်ဆာမော်တော်ယာဉ်ကို ဦးကြည်လင်းက ဆီဘောက်ဆာလုံး၏ဘေးတွင် တပ်ဆင်ထားသော သံလျှောက်လမ်းအား ဝရိန်ဆော်ခြင်း၊ ကျောက်စက်တိုက်ခြင်းများ ပြုလုပ်နေစဉ် ဆီဘောက်ဆာပေါက်ကွဲပြီး ပေါက်ကွဲသည့် အပိုင်းအစများမှာ ဦးဝင်းကိုအောင်ကို ထိမှန်၍ ဦးခေါင်းပွင့်ကာ သေဆုံးခဲ့ပြီး ဦးကြည်လင်းမှာ ယာဘက်လက်ကောက်ဝတ်ရိုးအက် ဒဏ်ရာရရှိ၍ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ) ဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဆီဘောက်ဆာကားပေါက်ကွဲမှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းတစ်ရာခန့်ရှိပြီး ဝရိန်ပုံးနှင့် ကျောက်စက်တို့ကို ပေါ့ဆစွာအသုံးပြု၍ ဆီဘောက်ဆာကားကို ပေါက်ကွဲစေပြီး လူကိုသေစေသည့်အပြင် ယာဘက်လက်ကောက်ဝတ်ရိုးအက်ဒဏ်ရာရရှိသူ ဦးကြည်လင်းအား ဥပဒေအရဆက်လက်အရေးယူပေးရန် တိုင်ကြားထားကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲစခန်းမှ သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



## မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး ဇူလိုင် ၁၁**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် စာရင်းစစ်/စာရင်းကောက်များ/ပရဟိတအဖွဲ့များမှ စနစ်တကျဖွဲ့စည်းထားမှု၊ မြို့နယ်အဆင့်သင်တန်းပို့ချနိုင်ရန်၊ ပြည်သူအားလုံးပါဝင်နိုင်ရန်၊ ဟောပြောပွဲများ ပြုလုပ်ရန်၊ လက်ကမ်းစာစောင်များဖြန့်ဝေနိုင်ရန် လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

# ဗိုလ်ချုပ်လမ်းစဉ် မမေ့စေချင် . . .

ခင်သန်းမြင့်



၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်း မြို့တော်ခန်းမ လေသာဆောင်မှနေ၍ ဖစ်ရှိရင်ပြင် (ယခု မဟာဗန္ဓုလပန်းခြံ)ရှိ ပရိသတ်အား နောက်ဆုံးအကြိမ်အဖြစ် မိန့်ခွန်းပြောကြားစဉ်။

**"ကြီးကြီးရေ၊ ဒီနှစ်အာဇာနည်နေ့နဲ့ ဝါဆိုလပြည့်နေ့က ဆက်တိုက်ဖြစ်နေတော့ သူငယ်ချင်းတွေစုပြီး အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သွားရောက်ဂါရဝပြုမယ်၊ ဝါဆိုလပြည့်နေ့မှာ ရွှေတိဂုံဘုရားဖူးမယ်လို့ စိတ်ကူးထားတယ်"**

တစ်နေ့က တူမလေးက ပြက္ခဒိန်ကိုကြည့်ပြီး အားတက်သရော ပြောလာသည်။ လူငယ်တွေဆိုတော့ အပျော်အပါးပါသော်ငြား အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို သိတတ်ပြီး သွားရောက်ဂါရဝပြုကြတာ၊ ဗုဒ္ဓဘာသာဝင်များပီပီ လပြည့်၊ လကွယ် အခါကြီးရက်ကြီးများမှာ ဘုရားသွားကျောင်းတက်ကြသည်မှာ ကောင်းသည့်အလုပ်ပင်ဖြစ်သည်။

သို့ရာတွင် ကျွန်မစိတ်ထဲမှာတော့ အာဇာနည်နေ့ဆို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို သွားရောက်ဂါရဝပြု၊ ပြီးပြန်လာ။ နောက်တော့ မေ့မေ့ပျောက်ပျောက်နေမြဲအဖြစ်မျိုး မဖြစ်စေချင်သည့်အတွက်. . .

**ပြင်သင့်တာပြင်၊ လိုက်နာသင့်တာ လိုက်နာ**

"သမီးတို့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမှတ်တရ ဂါရဝပြုကြတာ ကောင်းတာပေါ့ကွယ်။ ဒါပေမယ့် ကြီးကြီးကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ အမှတ်တရ ရုပ်တုထုဆစ်မှုလောက်နဲ့ မပြီးစေချင်ဘူး။ ဗိုလ်ချုပ်ရဲ့ အနာဂတ်နိုင်ငံတော်အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ စိတ်ကူးအိပ်မက်တွေ၊ ကိုယ့်လူမျိုးတွေရဲ့ အချို့အားနည်းချက်တွေအပေါ် ပြင်သင့်တာပြင်ကြဖို့ မထောက်မညှာဝေဖန်ညွှန်ပြမှုတွေကို ထဲထဲဝင်ဝင်လေ့လာပြီး ပြင်သင့်တာပြင်၊ လိုက်နာသင့်တာ လိုက်နာကြရင် ပိုပြီး လက်တွေ့ကျမယ်လို့ ကြီးကြီးထင်တယ်"

အဒေါ်ဖြစ်သူ၏စကားကို တူမလေးက စိတ်ဝင်စားပုံရပါသည်။ ဘာများဆက်ပြောလေဦးမလဲဆိုသော စူးစမ်းသည့်မျက်လုံးဖြင့် ကြည့်နေသည်။ သူစိတ်ဝင်စားပုံပေါက်သည့်အတွက် ကျွန်မလည်း ဆက်ပြောမိသည်။

"ဗိုလ်ချုပ်ရဲ့ လမ်းညွှန်ချက်တွေ၊ မိန့်မှာချက်တွေထဲမှာ အချို့အချက်တွေကို သမီးတို့လူငယ်တွေ သိတန်သလောက်လည်း သိကြမှာပဲ။ ဗိုလ်ချုပ်က သူ့ကတိအတိုင်း တစ်နှစ်အတွင်း လွတ်လပ်ရေးရပြီးတဲ့အခါ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ 'လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊ အိုင်ယာလန်လိုဖြစ်ချင်သလား၊ ဆိုဗီယက်ရုရှားလို ဖြစ်ချင်သလား။ ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေးစီမံကိန်းများကို အမျိုးမျိုးသောနည်းများနဲ့လုပ်မှ။ ခပ်ရိုင်းရိုင်း ဗမာစကားပြောရရင် အတော့်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀ ကျော်ကြာမှ ဗမာပြည် တော်ရုံရောက်မယ်၊ မလုပ်လို့ရှိရင် ယိုးဒယားတောင် မီမှာမဟုတ်ဘူး။ အခြားလွတ်လပ်သော တိုင်းပြည်များမှာ ခြေတစ်လှမ်းလှမ်းရင် ကိုယ်က ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်၊ အဲဒီလိုမလုပ်ရင် ဟိုလူလာလဲ မျက်နှာချိုသွေးရ၊ ဒီလူလာလဲ မျက်နှာချိုသွေးရနဲ့... နိုင်ငံဖြစ်မှာပဲ'လို့ သတိပေးဆော်သြခဲ့တယ်။

"တစ်ဆက်တည်းပြောရရင် ဗိုလ်ချုပ်ဟာ အပြောသမားမဟုတ်ဘူးကွဲ့။ ဗမာပြည်ဟာ မိအေးနှစ်ခါနာဆိုသလို စစ်ဒဏ်နှစ်ကြိမ်ခံခဲ့ရပြီး ကူးသန်းရောင်းဝယ်ရေးတွေ ပျက်စီးခဲ့ရတဲ့အတွက် ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဟာ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ ယခင်က စာပေဗိမာန်ဖြစ်ခဲ့တဲ့ ပြည်လမ်းက ဆိုရန်တိုဗီလာ အဆောက်အဦမှာ နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေ၊ ဌာနအသီးသီးက ပါရဂူတွေနဲ့ ကွန်ဖရင့်တစ်ရပ်ကျင်းပပြီး ပြန်လည်ထူထောင်ရေးစီမံကိန်းကို ရေးဆွဲခဲ့တယ်။ ဒီစီမံကိန်းကို တရားဝင် '၂ နှစ်စီမံကိန်း' လို့ ခေါ်ပေမယ့် လူအများစုက 'ဆိုရန်တိုဗီလာစီမံကိန်း'လို့ ခေါ်ခဲ့ကြတယ်။

"ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလိပ်ဘာသာနဲ့ ရေးဆွဲထားတဲ့ စီမံကိန်းအခြေခံမူကြမ်းကို ကွန်ဖရင့်မစမီ တစ်ပတ်ခန့်ကတည်းက ကြိုတင်ပြီးဖိတ်ကြားထားသူတွေကို ဝေငှထားတယ်။ ရည်ရွယ်ချက်ကတော့ ကြိုတင်လေ့လာထားပြီး ဝေဖန်နိုင်ဖို့ဖြစ်တယ်။

"ပြန်လည်ထူထောင်ရေး အနာဂတ်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်က ချက်ချင်းဖြေရှင်းရမယ့် ကုန်ဈေးနှုန်းကျဆင်းရေး၊ အလုပ်လက်မဲ့လျော့ကျရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံငြိမ်းချမ်းသာယာရေး အပါအဝင် အချက် ၈ ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး ကဏ္ဍအသီးသီးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

"ကွန်ဖရင့်မှာ ဗိုလ်ချုပ်က အင်္ဂလိပ်ဘာသာနဲ့ မိန့်ခွန်းပြောကြားရာမှာ စာရင်းအင်းတွေနဲ့ပတ်သက်ပြီး 'ကျွန်တော်တို့ဟာ စာရင်းအင်းတွေကို အသိဉာဏ်ရှိရှိနဲ့သုံးနိုင်ဖို့၊ သုံးတတ်ဖို့၊ ဒီစာရင်းအင်းတွေရဲ့ သဘောအဓိပ္ပာယ်ကို မှန်မှန်ကန်ကန် ကောက်တတ်ဖို့လိုတယ်'လို့ သတိပေးခဲ့တယ်။

"တစ်ဆက်တည်းမှာပဲ ဗိုလ်ချုပ်ကစီမံကိန်းနဲ့ပတ်သက်ပြီး 'ကျယ်ကျယ်ပြန့်ပြန့် ပြောရမယ်ဆိုရင် နေထိုင်စားသောက်ရေးနဲ့ ပတ်သက်လို့ ပြည်သူလူထုမှာ အကုန်အကျသက်သာအောင်လုပ်ဖို့ အလုပ်လက်မဲ့လူတွေ နည်းပါးသွားအောင်၊ ဒါမှမဟုတ်ရင်လဲ အလုပ်လက်မဲ့ ပြဿနာမရှိအောင်လုပ်ဖို့၊ လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးတွေ၊ အိုးအိမ်တွေ ပြန်လည်ထူထောင်ရေးတွေ၊ ပညာရေးနဲ့ ကျန်းမာရေးတွေကို တိုးတက်ကောင်းမွန်လာအောင်လုပ်ဖို့၊ တိုင်းပြည်အုပ်ချုပ်ရေးကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားရေးတို့ကို ပြန်လည်ထူထောင်ဖို့ စတဲ့အရေးကိစ္စတွေကိုရည်မှန်းပြီး စီမံကိန်းတွေကို ရေးဆွဲကြရလိမ့်မယ်'လို့ ပြောကြားခဲ့တယ်။

"ဒါ့အပြင် ဗိုလ်ချုပ်က သမဝါယမအဖွဲ့တွေကို အားပေးဖို့၊ နိုင်ငံခြားတိုင်းပြည်များသို့ ငွေပင်ငွေရင်း ထွက်မသွားနိုင်အောင် နည်းလမ်းတွေ ရှာကြံတီထွင်ကြဖို့၊ ဓိမ်ခံပစ္စည်းတွေအတွက် ပိုက်ဆံတွေ သုံးနေရလို့ တင်သွင်းမှုကို လျှော့တန်လျှော့၊ ပိတ်တန်ပိတ်ဖို့၊ ရခိုင်နဲ့ နယ်ခြားဒေသတွေမှာ ပထမဦးစားပေးတာဝန်အဖြစ် လမ်းပန်းတွေဖောက်လုပ်ဖို့ ဆွေးနွေးပြောကြားခဲ့တယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပတ်သက်ရင်လည်း ဗိုလ်ချုပ်က "မြန်မာပြည်သည် အဓိကအားဖြင့် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ အရေးကြီးသော စက်မှုလက်မှုလုပ်ငန်း အနည်းငယ်သာရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို ပြန်လည်ထူထောင်ပေးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း မြန်မာပြည်သည် စစ်မဖြစ်မီကကဲ့သို့ ရေ့တန်းရောက် ဆန်တင်ပို့ရောင်းချသူများနေရာသို့ ပြန်လည်ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း။

"စီးပွားရေးလျင်မြန်စွာ တိုးတက်စေရန်အတွက် မြန်မာပြည်သည် နိုင်ငံခြားအရင်းအနှီး လိုမည်ဖြစ်သဖြင့် ကျွန်ုပ်တို့သည် နိုင်ငံခြားအရင်းအနှီးကို လက်သင့်ခံရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားအရင်းအနှီးကို လက်ခံခြင်းဖြင့် နိုင်ငံခြားအရင်းရှင်များသည် သင့်တင့်သော အမြတ်အစွန်းရရှိမည်။ ကျွန်ုပ်တို့ပြည်သူပြည်သားများသည်လည်း အလုပ်အကိုင်ရရှိမည်။ ကျွန်ုပ်တို့စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း" ၁၉၄၇ ခုနှစ် မတ်လ ၁၀ ရက်နေ့မှာ ပြုလုပ်တဲ့ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးမှာ ပြောကြားခဲ့တယ်။

*စာမျက်နှာ ၁၈ သို့*

**❂ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်နေ့ရောက်မှ၊ နီးမှ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်တရ သတိရကြတာထက် ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်ကို မမေ့ဘဲ အမြဲအမှတ်တရနဲ့ လိုက်နာကြဖို့ တိုက်တွန်းနှိုးဆော်ချင်တယ်။ ဒါ့အပြင် ဗိုလ်ချုပ်ရဲ့ နိုင်ငံနဲ့လူမျိုးအပေါ် ကောင်းစားလိုတဲ့စေတနာကို လေးစားအလေးထားတဲ့အနေနဲ့ ကိုယ့်နိုင်ငံသားအချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဗိုလ်ချုပ်မျှော်မှန်းထားတဲ့အတိုင်း နိုင်ငံတော်ရဲ့ ကောင်းကျိုးကို ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်စေချင်တယ်။ တိုင်းရင်းသားပြည်သူတွေအနေနဲ့လည်း ပင်လုံမြေမှာ အရင်းတည်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်စေချင်**

# မြန်မာ့အနာဂတ်ရောင်နီဦး သို့မဟုတ် ၂၀၂၅ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးမျှော်လင့်ချက်

သျှင်မေ

၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိတ္ထီလာမြို့မှာ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြို့မိမြို့ဖ ဒေသခံတွေနဲ့ တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ နိုင်ငံရေးကိုအကြောင်းပြုပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ခြင်းမရှိရင် တိုးတက်မှုတွေနောက်ကျနေခဲ့မယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမယ်ဆိုပြီး ပြောကြားတာက ယခုမှ ပြောကြားတဲ့စကားရပ်မဟုတ်ပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်စဉ်ကာလ ကနဦးကတည်းက လမ်းပြမြေပုံငါးချက်မှာ အရေးအကြီးဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ အရေးပေါ်ကာလကို တာဝန်ယူထားရချိန် တစ်လျှောက်လုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုက စစ်မှန်ပြည့်ဝတဲ့ ရွေးကောက်ပွဲကြီး ပြန်လည်ကျင်းပပြီး နိုင်ငံတော်ကို ပိုမိုမြင့်မားတဲ့ အနာဂတ်ဖန်တီးပေးလိုတာပါ။

**မည်သို့သောအခက်အခဲ၊ အကျပ်အတည်းမျိုးတွေကမှ တပ်မတော်ရဲ့ စေတနာ၊ နိုင်ငံတော်ရဲ့ မျှော်လင့်ချက်ပန်းတိုင်၊ ပြည်သူတွေရဲ့ တောင့်တမှုအစစ်အမှန်တွေကို မတားဆီးနိုင်တော့ဘဲ လာမယ့် ၂၀၂၅ ခုနှစ်မှာ နိုင်ငံရေးအခင်းအကျင်းသစ်တွေနဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပဖို့ ပြင်ဆင်နေပြီဆိုတဲ့သတင်းက ပြည်သူတွေအတွက်တော့ မျှော်လင့်ချက်ရောင်နီဦး ဖြစ်ပါတယ်။**

> **“မည်သို့သော အခက်အခဲ၊ အကျပ်အတည်းမျိုးတွေကမှ တပ်မတော်ရဲ့ စေတနာ၊ နိုင်ငံတော်ရဲ့ မျှော်လင့်ချက်ပန်းတိုင်၊ ပြည်သူတွေရဲ့ တောင့်တမှုအစစ်အမှန်တွေကို မတားဆီးနိုင်တော့ဘဲ လာမယ့် ၂၀၂၅ ခုနှစ်မှာ နိုင်ငံရေးအခင်းအကျင်းသစ်တွေနဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပဖို့ ပြင်ဆင်နေပြီဆိုတဲ့ သတင်းက ပြည်သူတွေအတွက်တော့ မျှော်လင့်ချက်ရောင်နီဦး ဖြစ်ပါတယ်”**

ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းနေသလို နိုင်ငံရေးပါတီတွေကလည်း ပြည်သူအားကိုးအားထားပြုရလောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်အောင်၊ ပြည်သူယုံကြည်လောက်တဲ့ စံပြကိုယ်စားလှယ်လောင်းတွေကို ပြည်သူအသိအမှတ်ပြုအောင် လက်တွေ့သက်သေပြကြရမှာဖြစ်သလို ပြည်သူတွေကိုယ်တိုင်ကလည်း မိမိတို့နိုင်ငံရဲ့ ကောင်းမွန်တဲ့အနာဂတ်အတွက် ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ပါတယ်။

ရွေးကောက်ပွဲ ကော်မရှင်အနေနဲ့လည်း ရုပ်ဆိုးအကျည်းတန်ပြီး သမိုင်းမလှခဲ့ရတဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရဲ့ မဲလိမ်မဲခိုး ဖြစ်ရပ်ဆိုးတွေကို သတိပြုဆင်ခြင်လို့ အကောင်းဆုံး ပြင်ဆင်မှုတွေနဲ့ သမိုင်းဝင်ရွေးကောက်ပွဲအတွက် စစ်မှန်ပြည့်ဝတဲ့ ရွေးကောက်ပွဲကြီးဖြစ်လာစေဖို့ ကြိုးပမ်းရမယ့် အချိန်ကောင်းဖြစ်ပါတယ်။

**အများမျှော်လင့်တဲ့ရွေးကောက်ပွဲ**

အခုလို အထွေထွေရွေးကောက်ပွဲကျင်းပဖို့ နိုင်ငံတော်က ကြိုးပမ်းနေတာကို ကြိုဆိုထောက်ခံတဲ့ နိုင်ငံရေးပါတီအများအပြားရှိပြီး ပြည်သူအများစုကလည်း ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်တော့မယ့် နေ့ရက်များအတွက် ရင်ခုန်စိတ်လှုပ်ရှားနေကြပါပြီ။ “ကြိုဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအတိုင်းကြီးသွားနေလို့ မရပါဘူး” လို့ ပြည်သူ့ရှေ့ဆောင်ပါတီ ယာယီဥက္ကဋ္ဌ **ဦးမြင့်မောင်ထွန်း**က တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ဖြေကြားထားခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုတင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို အရှိန်မြှင့်ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာဖြစ်ပွားခဲ့တဲ့ မဲစာရင်းမှားယွင်းမှုတွေကို စစ်ဆေးဆောင်ရွက်ပြီးချိန်ကနေစတင်ပြီး မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အလေးထား လုပ်ဆောင်လျက်ရှိပါတယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းတွေ ဆက်တိုက်လုပ်ဆောင်နေပြီး ဝန်ထမ်းတွေကိုလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနဲ့ မဲရုံဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းတွေကို နှံ့စပ်ကျွမ်းကျင်စေရန် လေ့လာကြဖို့ ဇူလိုင် ၇ ရက်က မဲဆန္ဒရှင်များစာရင်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအတွင်းမှာ **ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက** ပြောကြားခဲ့ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ လက်ရှိမှာ မှတ်ပုံတင်လျှောက်ထားတဲ့ နိုင်ငံရေးပါတီပေါင်း ၇၀ ဝန်းကျင်ရှိပြီး မှတ်ပုံတင်ခွင့်ပြုချက်ရရှိတဲ့ ပါတီက ၄၉ ပါတီဝန်းကျင်ရှိနေတယ်လို့ သိရှိရပါတယ်။**

အခက်အခဲများရှိနိုင်သော်လည်း မိမိတို့နိုင်ငံမှာ မြို့နယ် ၃၃၀ ရှိတဲ့အတွက် စစ်မက်ဖြစ်ပွားနေတဲ့ မြို့နယ်တွေကိုချန်လှပ်ပြီး ကျန်မြို့နယ်တွေမှာ ရွေးကောက်ပွဲကို လုပ်လို့ရနိုင်ကြောင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လောက်မြို့နယ်တွေကို လုပ်နိုင်မှ ရွေးကောက်ပွဲလုပ်ရမယ်ဆိုပြီး ပြဋ္ဌာန်းမထားကြောင်း **လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါ်စန္ဒာမင်း**က ဆိုပါတယ်။ သူက “ **ပီအာစနစ်ကို ကျင့်သုံးမှာဖြစ်လို့ လုပ်နိုင်တဲ့နေရာတွေမှာ** လုပ်သွားရင် ရွေးကောက်ပွဲဖြစ်သွားမယ်လို့ ပြောနိုင်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ မဲဆန္ဒနယ် ၃၃၀ ရှိပါတယ်။ မဖြစ်မနေကျင်းပရမယ့် မဲဆန္ဒနယ် **အနည်းဆုံးအရေအတွက်ဆိုပြီး ဖွဲ့စည်းပုံမှာလည်း သတ်မှတ်ထားတာမရှိတဲ့အတွက် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကျင်းပနိုင်မယ်ဆိုတာ ယုံကြည်တယ်**”လို့ သုံးသပ်ဆွေးနွေးမှုတွေကို သတင်းမီဒီယာတွေပေါ်မှာ တွေ့ရှိခဲ့ရပါတယ်။

**နိုင်ငံရေးထွက်ပေါက်မဟုတ်သော လမ်းပြမြေပုံအရထွက်ပေါ်လာမယ့် ရွေးကောက်ပွဲ**

ပြည်ပအခြေစိုက် သတင်းမီဒီယာအချို့နဲ့ ပြည်ပြေးသစ္စာဖောက်မီဒီယာတွေမှာတော့ ၂၀၂၅ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်ဘူးဆိုတဲ့ အဖျက်လှုံ့ဆော်မှုတွေ၊ တပ်မတော်အနေနဲ့ ကျဉ်းထဲကျပ်ထဲရောက်ရှိနေတဲ့အချိန် ထွက်ပေါက်အဖြစ် အသုံးချမယ့်ရွေးကောက်ပွဲ စသည်ဖြင့် လိုရာဆွဲ ပုံဖော်ရေးသားနေကြတာကိုလည်း မြင်တွေ့ရပါတယ်။ အမှန်တော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလမှာ မဲမသမာမှုတွေကို အချို့သော မီဒီယာသမားများက သိမြင်ခဲ့ကြကြောင်း သတင်းထောက်အချို့က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ သို့သော် အင်အားကြီးပါတီနဲ့ အပေါင်းအပါတွေကြောင့် နှုတ်ဆိတ်နေခဲ့ကြရတယ်လို့ သိရပါတယ်။

ပြည်ပြေးမီဒီယာတွေအနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်တာကာလ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ကာ/လုံ အစည်းအဝေး)အစည်းအဝေးမှာ နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ တက်ရောက်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်ကို ပြန်လည်ဖတ်ရှုသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယာယီသမ္မတကို ဆွေးနွေးတင်ပြရာမှာ “နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိတဲ့ တည်ဆဲဥပဒေများတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်နဲ့ တည်ဆောက်သွားမှာဖြစ်တဲ့အပြင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမှာဖြစ်ပြီး အနိုင်ရရှိတဲ့ပါတီကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးအပ်သွားမယ်” လို့ အတိအလင်း တင်ပြဆွေးနွေးခဲ့သလို ပြည်သူလူထု သိရှိအောင် သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**တာဝန်ကြီးလွန်းသည့် နိုင်ငံရေးပါတီများ**

ရွေးကောက်ပွဲကျင်းပမယ့်အပေါ် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက “ရွေးကောက်ပွဲကျင်းပရာမှာ ကျင်းပနိုင်မယ့်နေရာတွေမှာ စတင်လုပ်ဆောင်မယ်လို့ယူဆပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း မှတ်ပုံတင်ရုံဖြင့်မပြီးဘဲ ပြည်သူများအတွက် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုများနဲ့ မျှော်လင့်ချက်များ ပေးအပ်နိုင်ရန် လိုအပ်ကြောင်းနဲ့ ပြည်သူက နိုင်ငံရေးကို ယုံကြည်လာကာ ပရော်ဖက်ရှင်နယ်နိုင်ငံရေးသမားများအဖြစ် ပြည်သူလူထုရဲ့အခက်အခဲတွေကို ကိုယ်စားပြုပြီး ဆွေးနွေးတာ၊ ရလဒ်ကောင်းတွေရတာမျိုးကို ကြိုးစားသင့်တယ်” လို့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားထားတာရှိပါတယ်။

ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီတွေက အဓိကအရေးကြီးပြီး နိုင်ငံရေးပါတီတွေရဲ့ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို စနစ်တကျ ရွေးထုတ်နိုင်မှသာ အစိုးရကောင်းကို လွှတ်တော်က မွေးဖွားပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ တိုင်းပြည်တည်ငြိမ်ရေးအတွက် တာဝန်ရှိသကဲ့သို့ ဒေသတွင်းက တိုင်းရင်းသားပြည်သူလူထုကို စောင့်ရှောက်ကြရမယ့်လူများ ဖြစ်ပါတယ်။

နိုင်ငံတကာမှာလည်း နိုင်ငံရေးပါတီတွေက နိုင်ငံရဲ့သမိုင်းကြောင်း၊ ပထဝီနိုင်ငံရေးတို့ကို အခြေခံပြီး ခိုင်မာတဲ့မူဝါဒတွေချမှတ်လို့ အင်အားတောင့်တင်းအောင်တည်ဆောက်ပြီး ပြည်သူ့အကျိုးပြုနေကြတာကို တွေ့ရှိရပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၂၆၅ နိုင်ငံအနက် ပါတီစုံစနစ်ကျင့်သုံးတဲ့နိုင်ငံ ၁၂၀ ကျော်၊ အင်အားကြီးပါတီအချို့ရဲ့ အလွှမ်းမိုးခံ ပါတီစုံစနစ်ကျင့်သုံးတဲ့ နိုင်ငံ ၅၀ ကျော် ရှိပါတယ်။ တစ်ပါတီဦးဆောင်တဲ့ နိုင်ငံရေးပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံ ကိုးနိုင်ငံရှိပါတယ်။ ဘယ်လိုစနစ်ကျင့်သုံးတာဖြစ်စေ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီတွေက ထိန်းသိမ်းကာကွယ်ကြဖို့ တာဝန်ရှိပါတယ်။

> **“နိုင်ငံတကာမှာလည်း နိုင်ငံရေးပါတီတွေက နိုင်ငံရဲ့သမိုင်းကြောင်း၊ ပထဝီနိုင်ငံရေးတို့ကိုအခြေခံပြီး ခိုင်မာတဲ့မူဝါဒတွေချမှတ်လို့ အင်အားတောင့်တင်းအောင်တည်ဆောက်ပြီး ပြည်သူ့အကျိုးပြုနေကြတာကို တွေ့ရှိရပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၂၆၅ နိုင်ငံအနက် ပါတီစုံစနစ်ကျင့်သုံးတဲ့နိုင်ငံ ၁၂၀ ကျော်၊ အင်အားကြီးပါတီအချို့ရဲ့ အလွှမ်းမိုးခံ ပါတီစုံစနစ်ကျင့်သုံးတဲ့နိုင်ငံ ၅၀ ကျော်ရှိပါတယ်။ တစ်ပါတီဦးဆောင်တဲ့ နိုင်ငံရေးပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံ ကိုးနိုင်ငံရှိပါတယ်။ ဘယ်လိုစနစ်ကျင့်သုံးတာဖြစ်စေ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီတွေက ထိန်းသိမ်းကာကွယ်ကြဖို့ တာဝန်ရှိပါတယ်”**

နိုင်ငံရေးအားကောင်းတဲ့ ပါတီတွေအနေနဲ့ ယခုအခင်းအကျင်းမှာ ပါဝင်လာသင့်ပြီး သို့မှသာ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အင်အားစုတွေ

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၆ မှ

“နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့တိုင်းပြည်ဟာ စစ်တိုက်တဲ့ အချိန်အခါမှာ လူတစ်သန်းလောက် စစ်တပ်အင်အားရှိမှ ကောင်းမယ်၊ လေတပ်ဆိုလို့ရှိရင်လည်း အဖျင်းဆုံး လေယာဉ်ပျံငါးရာရှိရမယ်၊ အနည်းဆုံး စစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံ ငါးရာလောက် ရှိမှဖြစ်မယ်။ ဒါတောင်မှ လုံလောက်တယ်လို့ မပြောနိုင်ဘူးလို့ ဆိုခဲ့တယ်။

### လွတ်လပ်ရေးတာဝန်ကျေမယ်

“ဒါ့အပြင် လွတ်လပ်ရေးရတဲ့အခါမယ် အခွင့်အရေးတွေ ပိုလာတာရှိမယ်၊ တာဝန်လည်း ပိုလာမယ်၊ ဗမာပြည်ကာကွယ်ရေးဘို့ရာ ဗမာတွေရဲ့ အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်ကြတော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ ဗမာပြည်မှာ စစ်သားတွေလိုမယ်။ အဲဒီအခါ ဗမာတိုင်း၊ အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနဲ့ ပြည့်စုံသူတိုင်း စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီးစနစ်နဲ့ ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်မတိုက်ချင် ဝင်တိုက်ရမှာပဲ။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်လို့ ဗိုလ်ချုပ်က သူမကွယ်လွန်မီ ရက်သတ္တပတ်၊ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက်၊ ရန်ကုန်မြို့ မြို့တော်ခန်းမလေသာဆောင်ကနေပြီး လူထုပရိသတ်ကြီးကို နောက်ဆုံးမိန့်ခွန်းအဖြစ် ပြောကြားစဉ်မှာ ထည့်သွင်းပြောကြားခဲ့တယ်။

“တစ်ဆက်တည်းမှာပဲ ဗိုလ်ချုပ်က လူထုကို ညီညွတ်ကြဖို့၊ စည်းကမ်းရှိဖို့၊ မလျှော့တမ်း ဇွဲနဲ့ အလုပ်လုပ်ကြဖို့၊ ငြိမ်းချမ်းချွေတာကြဖို့၊ တလွဲဆံပင် မကောင်းဖို့၊ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ပြင်ကြဖို့ တိုက်တွန်းနှိုးဆော်သွားခဲ့တယ်။

“အင်း၊ ဗိုလ်ချုပ်နဲ့ ပတ်သက်ရင် လေ့လာမိသလောက် ပြောစရာတွေကတော့ အများကြီးပေါ့ သမီးရယ်။ ပျင်းများ ပျင်းသွားပြီလား”

“မပျင်းပါဘူး ကြီးကြီး။ သမီးတို့ မသိတာတွေလည်းရှိတော့ စိတ်ဝင်စားပါတယ်။ ဗဟုသုတလည်း ရပါတယ်။”

“အေးကွယ်၊ ဒါပေမယ့် ဗဟုသုတရရုံမဟုတ်ဘဲ သမီးတို့ခေတ်အမြင် ခေတ်အတွေးနဲ့ နှိုင်းယှဉ် သုံးသပ်ကြည့်ဖို့လည်း လိုတာပေါ့နော်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်က ဗိုလ်ချုပ်ရဲ့ အနာဂတ် နိုင်ငံတော်အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ၊ စိတ်ကူးအိပ်မက်တွေနဲ့ လက်ရှိနိုင်ငံတော်ရဲ့ အခြေအနေတွေ၊ ယုတ်စွအဆုံး တူကီယဲ၊ အိုင်ယာလန်၊ ဆိုဗီယက် ရုရှားအသာထား၊ အိမ်နီးချင်း ထိုင်း(ယိုးဒယား)နိုင်ငံကိုတောင် တို့တစ်တွေ မီပြီလား။ ဗိုလ်ချုပ် သတိပေးထောက်ပြသလို ပြည်သူတွေ ညီညွတ်ကြပြီလား၊ စည်းကမ်း ရှိကြရဲ့လား၊ ငြိမ်းချမ်းချွေတာသင့်တဲ့ နေရာမှာ မငြိမ်းချမ်းမချွေတာဘဲ ဖုံးပေါလအော သုံးစွဲနေကြတုန်းပဲလား စတာတွေနဲ့ နှိုင်းယှဉ်သုံးသပ်ကြည့်ဖို့ ကောင်းတာပေါ့။

### ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်ကို အမြဲအမှတ်တရနဲ့ လိုက်နာ

“ဒါကြောင့်မို့ ကြီးကြီးကတော့ သမီးတို့လို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်နေ့ရောက်မှ၊ နီးမှ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်တရ သတိရကြတာထက် ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်ကို မမေ့ဘဲ အမြဲအမှတ်တရနဲ့ လိုက်နာကြဖို့ တိုက်တွန်းနှိုးဆော်ချင်တယ်။ ဒါ့အပြင် ဗိုလ်ချုပ်ရဲ့ နိုင်ငံနဲ့ လူမျိုးအပေါ် ကောင်းစားလိုတဲ့စေတနာကို လေးစားအလေးထားတဲ့အနေနဲ့ ကိုယ့်နိုင်ငံသားအချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဗိုလ်ချုပ်မျှော်မှန်းထားတဲ့အတိုင်း နိုင်ငံတော်ရဲ့ ကောင်းကျိုးကို ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်စေချင်တယ်။ တိုင်းရင်းသားပြည်သူတွေအနေနဲ့လည်း ပင်လုံမြေမှာ အရင်းတည်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်စေချင်တယ်ကွယ်”

ဩော် … ဘာလိုလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၇)နှစ်တောင်ရှိပြီ၊ မြန်မာပြည်လွတ်လပ်ရေးရခဲ့တာလည်း (၇၆)နှစ်ရှိခဲ့ပြီကော။ ။

**“တစ်ချိန်က ရွေးကောက်ပွဲပြန်လည်ကျင်းပမှာကို ဆိုးဆိုးရွားရွားကန့်ကွက်သံတွေ ညံခဲ့ကြပေမယ့် အချိန်ကာလအပြင် လက်ရှိနိုင်ငံရေးအခြေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းချက်တွေအပေါ် နားလည်စပြုလာတဲ့ ပြည်ပနိုင်ငံအချို့ရှိနေတယ်လို့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးက ပြောကြားထားခဲ့ပါတယ်။ အရင်ကဆန့်ကျင်ခဲ့တဲ့ နိုင်ငံအချို့ဟာ အခုအချိန်မှာ ပြည်သူအတွက် ရွေးကောက်ပွဲပြန်လည်ကျင်းပခြင်းကသာ အကောင်းဆုံးအဖြေဖြစ်တာကို သိရှိလာကြပြီး ကန့်ကွက်သံတွေ လျော့နည်းလာတယ်လို့လည်း သူကဆက်ပြောထားပါတယ်။ ရွေးကောက်ပွဲကို ပါတီကြီးတစ်ခုကပဲ အပြတ်အသတ်နိုင်တယ်ဆိုတာမျိုးမဟုတ်ဘဲ မျှတတဲ့ရွေးကောက်ပွဲအဖြစ် ပါဝင်သင့်ပါဝင်ထိုက်တဲ့ပါတီတွေ ပါဝင်ကြဖို့သင့်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဖြေကြားထားခဲ့ပါတယ်”**

စာမျက်နှာ ၁၇ မှ

ကျယ်ပြန့်လာနိုင်တယ် လို့ သုံးသပ်သူတွေလည်း ရှိပါတယ်။ နိုင်ငံရေးကျွမ်းကျင်သူအချို့ကတော့ ၂၀၂၅ ခုနှစ်ရွေးကောက်ပွဲက အစိုးရရဲ့ ထွက်ပေါက်မဟုတ်ဘဲ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်ဦးမော့လာစေဖို့ အမြန်ဆုံးကျင်းပနိုင်ဖို့ မျှော်လင့်နေကြပါတယ်။

### ရွေးကောက်ပွဲအခင်းအကျင်းသစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ရွေးကောက်ပွဲကျင်းပနိုင်မယ့် အခင်းအကျင်းနှစ်မျိုးနဲ့ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ ကျင်းပတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) မှာ ထည့်သွင်းပြောကြားထားခဲ့ပါတယ်။ ထို့အတူ ယခုနှစ် မတ်လအတွင်းမှာ ပြည်ပမီဒီယာနဲ့တွေ့ဆုံမေးမြန်းမှုမှာတော့ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းတဲ့ ဒေသတွေမှာ ရွေးကောက်ပွဲကို အပိုင်းလိုက် ပြန်လည်ကျင်းပသွားဖို့ရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။

ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် ကာကွယ်တဲ့ဥပဒေတွေကိုလည်း ရေးဆွဲပြဋ္ဌာန်းထားသင့်တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူများက အကြံပြုကြပါတယ်။ ထို့အတူ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေကိုလည်း လုံခြုံတဲ့ဒေသတွေမှာသာ စည်းရုံးတာ၊ မီဒီယာပလက်ဖောင်းတွေနဲ့ အွန်လိုင်းကနေ စည်းရုံးတာစတဲ့ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ပုံစံအသစ်တွေကို ချမှတ်ထားသင့်တယ်လို့ ယူဆသူတွေလည်း ရှိပါတယ်။

**တစ်ချိန်က ရွေးကောက်ပွဲပြန်လည်ကျင်းပမှာကို ဆိုးဆိုးရွားရွား ကန့်ကွက်သံတွေ ညံခဲ့ကြပေမယ့် အချိန်ကာလအပြင် လက်ရှိနိုင်ငံရေးအခြေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းချက်တွေအပေါ် နားလည်စပြုလာတဲ့ ပြည်ပနိုင်ငံအချို့ရှိနေတယ်လို့ လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးက ပြောကြားထားခဲ့ပါတယ်။** အရင်က ဆန့်ကျင်ခဲ့တဲ့ နိုင်ငံအချို့ဟာ အခုအချိန်မှာ ပြည်သူအတွက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပခြင်းကသာ အကောင်းဆုံးအဖြေဖြစ်တာကို သိရှိလာကြပြီး ကန့်ကွက်သံတွေ လျော့နည်းလာတယ်လို့လည်း သူကဆက်ပြောထားပါတယ်။ ရွေးကောက်ပွဲကို ပါတီကြီးတစ်ခုကပဲ အပြတ်အသတ်နိုင်တယ်ဆိုတာမျိုးမဟုတ်ဘဲ မျှတတဲ့ ရွေးကောက်ပွဲအဖြစ် ပါဝင်သင့် ပါဝင်ထိုက်တဲ့ ပါတီတွေ ပါဝင်ကြဖို့သင့်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဖြေကြားထားခဲ့ပါတယ်။

### ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှသည် မဲစာရင်းမှန်ကန်ခြင်းဆီသို့

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို လာမယ့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားဖို့ ပြင်ဆင်နေပြီဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိမှာ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူဖို့အတွက် စာရင်းကောက်ကွက် စုစုပေါင်း ၁၁၀၀၀၀ ခန့် ရှိပြီး စာရင်းစစ်၊ စာရင်းကောက်အင်အား လေးသောင်းနဲ့ အသုံးပြုကောက်ယူမှာဖြစ်ပါတယ်။ စာရင်းကောက်ယူရာမှာလည်း အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု ပါဝင်ပြီး အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခု မေးမြန်းကောက်ယူသွားဖို့ ပြင်ဆင်လျက်ရှိပါတယ်။ သန်းခေါင်စာရင်းရဲ့ ရှေ့ပြေးလူဦးရေစာရင်းကိုတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ပြန်နိုင်စေဖို့ ရည်မှန်းထားပါတယ်။

**“ရွေးကောက်ပွဲက နိုင်ငံတော်အစိုးရ၏ ထွက်ပေါက်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထွက်ပေါက်ဖြစ်နိုင်တယ်”** လို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက က မီဒီယာအင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ရွေးကောက်ပွဲအကျိုးဆက်အဖြစ် နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍ မြင့်မားလာပြီး လွှတ်တော်ပေါ်လာတာ၊ အစိုးရသစ်ပေါ်လာတာတွေက အာဏာချိန်ခွင်လျှာ မျှတလာနိုင်ခြေရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွေအတွက် လက်ရှိအထွေထွေအကျပ်အတည်းတွေကနေ ဦးမော့လာနိုင်တယ်လို့ သူက ခန့်မှန်းပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက သမိုင်းဝင် မသမာမှုများစွာနဲ့ ရုပ်ဆိုးအကျည်းတန်ခဲ့ရပါတယ်။ ဒီမိုကရေစီဆိုတာ အများရဲ့ဆန္ဒနဲ့ ဆောင်ရွက်ရတာဖြစ်ပြီး အများရဲ့ဆန္ဒကလည်း စစ်မှန်ပြီးရိုးသားတဲ့ နိုင်ငံရေးဖြစ်ဖို့ လိုအပ်ပါတယ်။ မဲစာရင်းကွာဟမှုတွေ၊ လွဲမှားမှုတွေကို စစ်ဆေးပေးဖို့ နိုင်ငံတော်သမ္မတမှသည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့ထံကို နည်းလမ်းတကျ အကြိမ်ကြိမ်တင်ပြမှု၊ ထောက်ပြဝေဖန်မှုတွေကို ဂရုမမူခဲ့ဘဲ ရိုးရိုးဖြေပါက အောင်နိုင်ခြေရှိတဲ့ စာမေးပွဲကို မသမာတဲ့နည်းလမ်းတွေနဲ့ အမှတ်မတန်တဆ ရယူလိုတဲ့ အကျိုးဆက်အဖြစ် ပြည်သူတွေရဲ့မျှော်လင့်ချက်နဲ့ လျှောက်လှမ်းကြရမယ့် ဒီမိုကရေစီခရီးလမ်း တစ်စစီကျိုးပဲ့ခဲ့ရပါတယ်။

**ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲပြုလုပ်တာ၊ ဆန္ဒမဲပေးတာက ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်ပါတယ်။ မိမိတို့ပြည်သူတွေ မျှော်လင့်နေကြပါသော လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အမြန်ဆုံး စတင်နိုင်စေဖို့နဲ့ မြန်မာနိုင်ငံတော်ကြီး စစ်မှီးလျှံတို့ ငြိမ်းအေးကာ အေးချမ်းသာယာပါစေကြောင်း ဆုတောင်းမျှော်လင့်နေမိပါတယ်။ ။**

## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေဝင်၍ စာသင်ကျောင်းနှစ်ကျောင်းကို ယာယီ ထပ်မံပိတ်ထား

ပွင့်ဖြူ ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အခြေခံပညာစာသင်ကျောင်း နှစ်ကျောင်းကို ဇူလိုင် ၁၁ ရက်တွင် ထပ်မံ၍ ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယာယီပိတ်လိုက်သည့် ကျောင်းနှစ်ကျောင်းမှာ သိမ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ကျောင်းစုကျေးရွာ အခြေခံပညာမူလတန်း ကျောင်းတို့ဖြစ်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြစ်ရေပြန်လည်ကျဆင်းသည်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်းနှင့် မြစ်ရေကျဆင်းချိန်တွင် ပြန်လည်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် သံကိုင်းကျေးရွာ (အမက)နှင့် ကူကြီးကျေးရွာ (အမက) တို့ကို ယာယီပိတ်ထားပြီးဖြစ်ရာ ယခု ထပ်ပိတ်သည့် ကျောင်းနှစ်ကျောင်း အပါအဝင် ယာယီပိတ်ထားသည့်ကျောင်း လေးကျောင်း ရှိပြီဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ခန်းစာ နောက်မကျစေရေးအတွက် ကျောင်းပြန်ဖွင့်ချိန်တွင် စာသင်ရက်များကို အစားထိုး ပြန်လည်ဖွင့်လှစ်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လှိုင်ဝင်းလေး**
**(ပွင့်ဖြူမြေ)**

## ယူရို ၂၀၂၄ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ အင်္ဂလန်တက်လှမ်းပြီ

ယူရို ၂၀၂၄ ပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ နယ်သာလန်နှင့် အင်္ဂလန်အသင်းပွဲစဉ်ကို ဇူလိုင် ၁၁ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ဂျာမနီနိုင်ငံ ဒေါ့မွန်မြို့ရှိ ဒေါ့မွန်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုသည်။ ပွဲချိန် ၇ မိနစ်တွင် ဇာဗီဆိုင်မွန်က နယ်သာလန်အတွက် ဦးဆောင်ဂိုးသွင်းယူပြီး ပွဲချိန် ၁၈ မိနစ်တွင် ရရှိသောပယ်နယ်တီကို အသင်းခေါင်းဆောင် ဟာရီကိန်းက အင်္ဂလန်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ အင်္ဂလန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို အသင်းခေါင်းဆောင် ဟာရီကိန်း၏နေရာကို အစားထိုးဝင်ရောက်လာသည့် တိုက်စစ်ကစားသမား ဝက်ကင်စ်က သွင်းယူပေးနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ဇူလိုင် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၂၄ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**



## ဧရာဝတီမြစ်နှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ **ဧရာဝတီမြစ်**ရေသည် ဗန်းမော်မြို့တွင် ၁၁၃၆ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ **ဧရာဝတီမြစ်**ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ **ချင်းတွင်းမြစ်**ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁ နာရီခွဲ တိုင်းထွာချက်အရ **ချင်းတွင်းမြစ်**ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ချင်းတွင်းမြစ်**ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ **ချင်းတွင်းမြစ်**ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့် (၂၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ်**ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၇ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၁၅ ကျပ် | ၂၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၁၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၅၇၀ | ၄၉၁၂၆၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၂၈၈၀ | ၉၆၁၅၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၂၆ | ၁၈၅၃၂၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၆၀၅၃ | ၂၅၈၈၇၄၅၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၁၁၄ | ၃၀၉၈၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၂၉၃ | ၅၀၈၆၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၅၅၀ | ၃၆၀၀ | ၂၈၂၄ | ၁၀၁၃၀၁၅၀၀ |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊" မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ "ဝသန်မိုး" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၁၂–၇–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ဝသန်မိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဖြစ်တတ်တဲ့သဘော | ပြင်ပအဆိုရှင် |
| ၂။ | အသည်းကွဲရက်ရာဇာ | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ပြင်ပအဆိုရှင် |
| ၄။ | မိုးသည်းညမို့ပိုလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၅။ | ဒီရင်ခွင်ခိုဝင်လှည့်ပါ | ပြင်ပအဆိုရှင် |
| ၆။ | ကုန်လွယ်လွန်းလိုက်တာ | ဌာနအဆိုရှင် |
| ၇။ | မပြိုပါနဲ့မိုး | ပြင်ပအဆိုရှင် |
| ၈။ | အကြင်နာအိပ်မက် | ပြင်ပအဆိုရှင် |
| ၉။ | မိုးနဲ့အတူငိုနေမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | မိုးရွာတဲ့နေ့အသက်ရှင်ခြင်း | ပြင်ပအဆိုရှင် |






### ပတ်စ်ပို့ပျောက်

ကျွန်မ မမျိုးမျိုးထွေး ၇/ပခန(နိုင်)၄၅၄၁၅၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၉၃၃၁၉၃၆

### ပတ်စ်ပို့ပျောက်

ကျောက်ဆည်မြို့နယ်၊ ပွတ်တိုင်ကျေးရွာနေ ဦးတင်ထူး ၏သမီး မခင်အုံးလွင် ၉/ကဆန(နိုင်) ၀၃၈၀၅၈၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-631269)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃ ၂၂၂ ၇၄၉

### ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ ပန်အွန်း (အထက) Grade-12 မှ နန်းစန်းဖြိုး၏ ဖခင်အမည်မှန်မှာ ခွန်ထွန်းစိန် (၁၃/ဆဆန(နိုင်)၁၁၄၆၅၀)ဖြစ်ပါကြောင်း။

ခွန်ထွန်းစိန်

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁) Grade-5(A)မှ မဆောင်းသဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌေး (၈/နမန(နိုင်) ၁၁၅၈၉၆) ဖြစ်ပါကြောင်း။

ဦးမြင့်ဌေး

### ဖခင်အမည်မှန်

ဟိုပုံးမြို့၊ အထက (၂)၊ ကောဒသမတန်းမှ မစန္ဒီဒေဝီ၏ ဖခင်အမည်မှန်မှာ ဦးခွန်ကျော်ထက် (၁၃/လလန(နိုင်) ၀၅၆၈၀၃) ဖြစ်ပါကြောင်း။

ဦးခွန်ကျော်ထက်

### ပျောက်ဆုံးကြော်ငြာ

မအေးချမ်းခင်ခင် ၁၂/လမတ(နိုင်)၀၃၆၆၇၉ (ဘ)ဦးမောင်မောင်ဦး ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် (Passport) စာအုပ်အမှတ် MF-332525 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၉၉၉၇၅၂၉

### အမည်ပြောင်း

ဦးဇော်လွင်ဦး၏သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အထက(မိုင်းသောက်)၊ Grade-4 မှ မောင်သုတအားယနေ့မှစ၍ မောင်ဇေယျာထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇေယျာထက်

### ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ ပန်အွန်း (အထက) Grade-12 မှ နန်းသီသီအေး၏ ဖခင်အမည်မှန်မှာ ဦးရှင်တိ(၁၃/ဆဆန(နိုင်)၀၃၅၃၅၆)ဖြစ်ပါကြောင်း။

ဦးရှင်တိ

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ကျေးနီ) G-10 မှ မောင်မိုးအာကာ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်သန်း ၇/လပတ(နိုင်)၀၈၉၂၃၃ ဖြစ်ပါ ကြောင်း။

ဦးမျိုးမြင့်သန်း

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ကျေးနီ) G-12 မှ မောင်ထူးအောင်အောင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၇/လပတ(နိုင်) ၁၃၃၁၈၅ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်နိုင်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၁၃၇၀, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်တာအောင် ၇/ပမန(နိုင်) ၂၀၉၉၉၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ပြည်)ပြည်မြို့


### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဝိုင်းမော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ်(၂၂၀)နေ (ဘ) ဦးခေါကျုန်း၊ (မိ) ဒေါ်ရွယ်ဆိုင်း ၁/ဝမန(နိုင်)၀၀၂၉၂၂ တို့၏သား မောင်ကျန်းဘောင် ၁/ဝမန(နိုင်)၀၉၀၀၀၄၉ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ရွယ်ဆိုင်း

### သွေးသည် အသက်


ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၂၆) (ဇွန်၊ ၂၀၂၄) ထွက်ပြီ




"အီရန် – အစ္စရေးပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း အနာဂတ်"

၂၀၂၄ ခုနှစ်၊ ဇွန်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်– ၂၆ တွင်

- အီရန်–အစ္စရေးပဋိပက္ခနှင့် အရှေ့အလယ်ပိုင်းဒေသ အလားအလာ
- အမှားဗျူဟာနှံ့နစ်တော့မည်လား
- ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နိုင်ငံငယ်များအကြား ပထဝီနိုင်ငံရေး အပိုင်း(၁)
- အမေရိကန်ဒေါ်လာ၏ နိုင်ငံများအပေါ်သက်ရောက်မှုများ
- ခေတ်သစ်စစ်ပွဲဆိုင်ရာ အမြင်ရှုထောင့်များ
- ဂျပန်နှင့် တောင်ကိုရီးယား ဆန်းသစ်ဖန်တီးမှု၏ လျှို့ဝှက်ချက်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း–၀၁–၈၃၈၇၅၆၈


### ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ

တရားမကျင့်ထုံး ဥပဒေပုဒ်မ–၁၁၅)

ရမည်းသင်းခရိုင်တရားရုံးတော်

၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်–၁၁

| (လျှောက်ထားသူ) | | (လျှောက်ထားခံရသူများ) |
|---|---|---|
| ၁။ ဒေါ်အုန်းမေ | နှင့် | ၁။ ဒေါ်အုန်းရွှေ<br>၂။ ဒေါ်လှတုတ်<br>၃။ ဒေါ်အုန်းငွေ<br>၄။ ဦးမောင်အေး<br>၅။ မဇူလိုင်နွေး<br>၆။ မမီးမီး(ခ) မအိငြိမ်းသူ<br>၇။ ဒေါ်ကောင်း |

၂၀၂၄ ခုနှစ်၊ မေ ၃ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄/၂၀၂၃ အမှု၏ ချမှတ်ခဲ့သော နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအပြီးသက်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ဆားတောင်အုပ်စု၊ အေးသာယာကျေးရွာနေ အမှတ် (၅) ပြင်ဆင်ရန် လျှောက်ထားခံရသူ မဇူလိုင်နွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ဤအမှုတွင် ပျော်ဘွယ်မြို့နယ်တရားရုံးတော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးအောင်ပိုင်အေးက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၃)ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် (၃)ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စုနန္ဒာစိုး)
ဒုတိယခရိုင်တရားသူကြီး (၁)
ရမည်းသင်းခရိုင်တရားရုံး

### ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ သစ်ဦးအောင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် လေလံတင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ သစ်ဦးအောင်စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းပိုင်မြေ(၁)ရပ်ကွက်၊ ဘုံကျောင်းလမ်း၊ ကွင်းအမှတ်(၁၂၀က)၊ဦးပိုင်အမှတ်(၁၀/၂)၊ မြေကွက်အမှတ်(၃၉၈)၊ မြေဧရိယာ(၁၈၀'x ၃၃၀')အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | – ၁၂–၇–၂၀၂၄ရက် မှ ၂၄–၇–၂၀၂၄ရက်အထိ |
| **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | – ၂၅–၇–၂၀၂၄ရက် ညနေ ၄ နာရီ |
| **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** | – ဦးကျော်မင်း(အတွင်းရေးမှူး)နေအိမ် (၃)ရပ်ကွက်၊ ဖိုးနိုးလမ်း၊ ဖဒိုမြို့၊<br>– မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ ဒဂုံရွှေမန်းလမ်း၊ ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါးမြို့ |
| **လေလံလျှောက်လွှာ ထည့်သွင်းမည့်နေရာ** | – ဦးစိန်ရွှေ(ဥက္ကဋ္ဌ)၊ (၃)ရပ်ကွက်၊ ဘောလုံးကွင်းလမ်း၊ ဖဒိုမြို့ |
| **လေလံလျှောက်လွှာ ဖွင့်ဖောက်မည့်နေရာ** | – မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ ဒဂုံရွှေမန်းလမ်း၊ ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါးမြို့ |

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့်အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်(၂၅–၇–၂၀၂၄)ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးစိန်ရွှေ(ဥက္ကဋ္ဌ)၊ (၃)ရပ်ကွက်၊ ဘောလုံးကွင်းလမ်း၊ ဖဒိုမြို့နေရာတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ရက်၊ အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်း၊ တင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာ ပိတ်သိမ်းပြီးသည့်နောက်နေ့ (၂၆–၇–၂၀၂၄)ရက် နံနက် ၁၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

– ဖုန်း–၀၉–၄၅၈၅၁၂၃၆၆၊ ၀၉–၉၇၁၈၉၅၇၇၅၊ ၀၉–၂၅၃၉၅၆၁၆၄

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

### အများသိစေရန်ကြေညာခြင်း မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်




မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ ပထမလမ်းမတော်နေ ဦးမျိုးညွန့် ၉/မထလ(နိုင်)၀၂၂၄၆၀ သည် အထက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၁၃၀/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်သည်။ ယင်းတံဆိပ်ဖြင့် အီလက်ထရောနစ်၊ အော်ဒီယို၊ လျှပ်စစ်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း အမျိုးမျိုးဖြန့်ဖြူးရောင်းချလျက်ရှိသည့် **"ရှဲဒိုး"** အမည်ပါ ကုန်အမှတ်တံဆိပ် ကို ဆင်တူယိုးမှားဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရှေ့/နောက်တို့မှ အမည်၊ နာမ၊ ကိန်းဂဏန်း တစ်ခုခုထည့်၍ တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိဘဲ ရှဲဒိုးကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးလှိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၉၃)
နန်းတော်ကုန်းရပ်၊ နယ်မြေ (၃)၊ မိတ္ထီလာမြို့၊
ဖုန်း–၀၉–၂၂၂၈၅၈၇

### အများသိစေရန်ကြေညာခြင်း မှတ်ပုံတင်သွင်းကြေညာထားသည့်အမှတ်တံဆိပ်




မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ ဦးမျိုးညွန့် (ဘ)ဦးကြည် ၉/မထလ(နိုင်)၀၂၂၄၆၀ သည် အထက်ဖော်ပြပါ ရှဲဒိုးအမည်ဖြင့် အမှတ်အသားတံဆိပ်အမျိုးမျိုးကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မိတ္ထီလာမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၊ မှတ်ပုံတင်အမှတ် ၂၀၂၄ခုနှစ်၊ စာချုပ်အမှတ် (၁၂၉)၊ တရားဝင်မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ဟိုတယ်လုပ်ငန်းလိုင်စင်(H.MDY)0382(2018) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒေသဆိုင်ရာ ခရီးသွားကော်မတီ၊ မန္တလေးတိုင်းဒေသကြီး၊ ခွင့်ပြုမိန့်ဖြင့် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအား မိမိတစ်ဦး တည်းပိုင်လုပ်ငန်းအဖြစ် လုပ်ဆောင်နေပါသည်။ အထက်ဖော်ပြပါ **"ရှဲဒိုး"** ဟူ သည့် ဟိုတယ်လုပ်ငန်းအမှတ်တံဆိပ်များအား မည်သူတစ်ဦးတစ်ယောက်ကမျှ ထင်ရောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ ရှဲဒိုးအမှတ်အသားအား ရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း၊ အမည်နာမ်မကိန်းဂဏန်း တစ်ခုခုအသုံးပြု၍ အတုအပ ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိဘဲ ရှဲဒိုးဟိုတယ်လုပ်ငန်းနာမည်များအား တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးလှိုင်၊
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၉၃)
နန်းတော်ကုန်းရပ်၊ နယ်မြေ (၃)၊ မိတ္ထီလာမြို့၊
ဖုန်း–၀၉–၂၂၂၈၅၈၇

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မစုမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဖိုးနီ ၁၄/လမန(နိုင်)၀၃၈၇၃၆ ဖြစ်ပါကြောင်း။

**ဦးဖိုးနီ**

## မိခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်အောင်ဇင်ဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဌေးမူ ၁၄/ဟသတ (နိုင်) ၂၀၃၆၆၅ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဌေးမူ**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အလကသာဒီကွင်းကျောင်း Grade-6 မှ စောကဲဂေါ်ထူး၏ ဖခင်အမည်မှန်မှာ စောမောင်စိုင်း ၁၄/ဟသတ (နိုင်)၂၅၀၃၈၇ ဖြစ်ပါကြောင်း။

**စောမောင်စိုင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7ခ/4460 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ် (၇)ရပ်ကွက်၊ အကွက်အမှတ် (၁၉)၊ အကွက်အမည်(ကွေ့ကြီးအရှေ့)ဦးပိုင်အမှတ်( ၄၀.က-ဇ)၊ဧရိယာ(၀.၀၉၀)ကေရှိအောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ် ( ၄၀ )
(ခ) အနောက်လားသော် - ဦးပိုင်အမှတ် (၄၀.က -ဆ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၄၀.က-ဈ )
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် ( ၄၀.က -စ )

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးပြည့်ဖြိုးအောင်-ဒေါ်နန်းသီတာလှိုင်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ် ဇူလိုင်လ (၂၁) ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန မြင်းခြံမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကံကွင်း)၊ ဦးပိုင်အမှတ်(၉၀/၃-ခ)၊ မြေဧရိယာ(၀.၉၀) ကေရှိမြေသည် ဒေါ်သောင်းရင် အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်၊ 67/RD မြေငှားဂရန်သက်တမ်းမှာ (၂၁-၁၀-၂၀၀၅)မှ (၂၀-၁၀-၂၀၃၅)ရက်ထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အနက် ဦးပိုင်အမှတ်(၉၀/၃- ခ/၂)၊ မြေဧရိယာ(၀.၁၁၀) ကေရှိမြေအား (၂၁-၁-၂၀၂၄)ရက်တွင် ဒေါ်သောင်းရင်(ဘ) ဦးသန်းမောင် (၅/စကန(နိုင်)၁၀၃၂၈၈)မှ ဦးဇော်ဝင်းမောင်(ဘ)ဦးသိန်းထွန်း (၇/ပမန(နိုင်)၁၈၂၅၅၅)-ဒေါ်သူဇာအေး(ဘ)ဦးကျော်သန်း (၅/စကန(နိုင်)၂၁၉၂၃၄)သို့ တရားဝင်မြေကွက် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်ဝင်းမောင်-ဒေါ်သူဇာအေးတို့ အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန် အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည် မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-II)၊ ကွက်ပြင်(၂)၊ ဦးပိုင်အမှတ်(၁၄၂-C)၊ မြေယာအမှတ်(57/570-D)၊ မြေဧရိယာ(၀ ဒသမ၀၁၅) ကေရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး(ဂရန် သစ်) လျှောက်ထားနိုင်ရေး ဦးသန်းမောင် ၄/ဟခန(နိုင်) ၀၀၆၆၅၃ (ချင်းနှစ်ခြင်းအသင်းတော်ကိုယ်စား)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(DD-မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ (၀ဒသမ၀၈၃) ကေရှိ မြေကို ဒေါ်ချစ်သန္တာ၅/ထခန(နိုင်) ၀၅၁၅၂၈ အမည်ဖြင့် ဂရန်သစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(AA-မြနန္ဒာ)၊ ဦးပိုင်အမှတ်(၃၀+၃၁)၊ မြေဧရိယာ(၀ဒသမ ၁၁၀) ကေရှိ မြေကို ဒေါ်ယဉ်မာဦး(ခ)ယဉ်မေဦး ၁၂/ဒဂန(နိုင်)၀၁၃၁၇၁ အမည်ဖြင့် ဂရန်သစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RAV/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၆-က)၊ မြေဧရိယာ(၀ဒသမ၀၉၂)ကေအနက်မှ ဦးပိုင်အမှတ် (၁၆-ဠ)၊ ဧရိယာ(၀ဒသမ၀၁၅၆)ကေရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်အေးမြတ်မွန် ၁၀/မဒန (နိုင်)၀၂၁၄၅၆က ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

SHWE ZAYAR

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အထက်ဘလောက်၊ ၃၉လမ်းနှင့်ဆိပ်ကမ်းသာလမ်းကြား၊ အနော်ရထာလမ်းမ၊ အမှတ်(၈၆)နေ ဒေါ်အေးကေခိုင် ၁၂/လသန(နိုင်)၀၂၂၄၆၁ မှ ၂၀၂၄ခုနှစ်၊ ဇွန်လ(၂၀)ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ်(၄/၅၂၈၇)ဖြင့် မှတ်ပုံတင် သွင်းပြီးစီးခဲ့ပြီးဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားကို အသုံးပြု၍ လက်ဖက်ခြောက်၊ ဂရင်းတီး၊ လက်ဖက်စို၊ တစ်ခွက်စာလက်ဖက်ခြောက်အိမ်၊ အကြမ်းခြောက် အပါအဝင် လက်ဖက်နှင့် ဆက်စပ်ပစ္စည်း၊ လက်ဖက်ရည်နှင့် ဆက်စပ်ပစ္စည်းများအား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ မူလပိုင်ရှင် အေးကေခိုင်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို အတုပသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်၏အမည် အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား ဆင်တူယိုးမှား ပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် ယခုတားမြစ်ချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၀၀၉၇၀၇၃**

## မွေးသက္ကရာဇ်အမှန်

ပန်းတောင်းမြို့နယ်၊ စည်သာရပ်ကွက်နေ (ဘ)ဦးအောင်ကြည်မိုး၏သမီး (အထက) ပန်းတောင်း Grade-10တွင် ပညာသင်ကြားနေသော မမိုးပြည့်သဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ မဇိန်းဒေါင်း ၄/ဟခန(နိုင်)၀၂၃၅၅၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၄၃၃၅၄၂၄၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City အိမ်ရာဝင်းအတွင်းရှိ City Loft ၊ (CL-9) ၊ အခန်းအမှတ် (၄၀၅) နှင့် (၇၀၇)၊ အကျယ်အဝန်း (၃၁၂) စတုရန်းပေစီရှိ အခန်းအမျိုးအစား (Studio Room) ကွန်ဒိုတိုက်ခန်း (၂)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း (၂) ခန်းတွင်ပါရှိသော ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် မလားလ်နွန်ဌတ်အီး ( ၅/ကလထ(နိုင်)၁၆၃၅၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြညွန့်. B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၃၀၆၀၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ သခင်ခင်ဇော် (၁)လမ်း၊ မြေကွက်အမှတ် (၉၆၄)၊ အကျယ်အဝန်း (၄၃ပေ × ၆၀ပေ)ရှိ ဒေါ်ကျင်ခ (၁၂/သဃက (နိုင်) ၁၁၃၀၃၄) (ISN- ၅၂၆၀၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၆၅)နှင့် ကပ်လျှက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိုးစိုးမူ (၁၂/ဒဂမ (နိုင်) ၀၂၅၁၀၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၇-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်ခင်သက်မွန် အစား ဒေါ်ခင်သင်းမွန် ၉/မနမ(နိုင်)၀၀၅၀၃၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ နယ်သာယာကျေးရွာနေ ဦးမြအောင်၏ သမီး မမိုမိုကို (၉/တသန(နိုင်)၁၉၁၀၆၃)၏ မွေးသက္ကရာဇ်အမှန်မှာ ဆုတ် ၈/၅/၁၃၅၆နှင့် ၂၉-၈-၁၉၉၄ ဖြစ်ပါကြောင်း။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ အကွက်အမည်(ကွေ့ကြီးအရှေ့)၊ ဦးပိုင်အမှတ်(၄၀.က)၊ ဧရိယာ(၀ဒသမ၀၉၄)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၄၀.ခ)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁၀၊ ၁၁.န၊ ၁၁.ခ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၄၀)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၉.က၊ ၈-ဈ၊ ၄၀)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်အိဖြိုးဇော် လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြင်းခြံမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

